# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၂၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၂၉)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# ရော်ဘာစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များ ရွေးချယ်၍ စနစ်တကျစိုက်ပျိုး မိမိအတွက်လည်းအကျိုးရှိ ဒေသအတွက်လည်းအကျိုးပြု၍ ပိုမိုတိုးမြှင့်လုပ်ကိုင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ကြီးနားမြို့၌ စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၂၇**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဩဂုတ်၂၅ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာရာ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက မြစ်ကြီးနားလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ✡

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ကြီးနားမြို့ ရှဒေါင်ကျေးရွာတွင် ခင်းကျင်းပြသထားသော ရော်ဘာမျိုးစေ့နှင့် ခရမ့်ရော်ဘာကြိတ်ပြားများကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မာဒေးကားဖလားဘောလုံးပြိုင်ပွဲ မြန်မာအသင်း ဗိုလ်လုပွဲတက်ပြီ

**ရန်ကုန် ဩဂုတ် ၂၇**

မလေးရှားနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် (၃၈)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲကို ယနေ့ မြန်မာစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်က ကွာလာလမ်ပူမြို့ ရှာအလမ်အားကစားကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းက မလေးရှားအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✻



**မလေးရှားနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး ကျင်းပသည့် (၃၈)ကြိမ်မြောက်မာဒေး ကားဖလား ဘောလုံး ပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်ရောက်သွားသော မြန်မာလက်ရွေး စင်ဘောလုံးအသင်း။**
(မြန်မာ့အလင်း)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၂၈ရက်)

# အဆို၊အက၊အရေး၊အတီးပြိုင်ပွဲအောင်မြင်ရေး ပူးပေါင်းဆောင်ရွက်

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နှစ်စဉ်ကျင်းပလာခဲ့ရာ ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက်ပြိုင်ပွဲကို နေပြည်တော်၌ အောက်တိုဘာလ ဒုတိယအပတ်ခန့်တွင် ကျင်းပသွားမည်ဖြစ်သည်။

၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ကျင်းပရေးအတွက် နိုင်ငံတော်က မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊ မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်၊ တိုင်းတစ်ပါး ယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊ စစ်မှန်သော ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာစေရန်ဟူသော ဦးတည်ချက်(၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ဆန့်ကျင်သည့် တိုင်းတစ်ပါးမှ အဆို၊အကနှင့် ဓလေ့စရိုက်များ လူငယ်ထုအတွင်းသို့ စိမ့်ဝင်ပျံ့နှံ့ လွှမ်းမိုးလာမှုအန္တရာယ်ကို မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များဖြင့် တားဆီးတွန်းလှန်သွားကြရမည် ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ပြည်နယ်၊ တိုင်းအသီးသီးမှ တိုင်းရင်းသားအနုပညာရှင်များ ဆုံစည်းကြပြီး ချစ်ကြည်ရင်းနှီးစွာ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုခိုင်မာလာမည်ဖြစ်သည်။

ပြည်နယ်၊တိုင်း အသီးသီးတို့မှ အနုပညာရှင်များအနေဖြင့် အရည်အချင်းပြည့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းအားထုတ် လေ့ကျင့်လျက်ရှိကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားမှုများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ပြိုင်ပွဲမတိုင်မီ ရှေ့ဆက်ပြီးဆောင်ရွက်ရမည့်လုပ်ငန်းများကို ကော်မတီအသီးသီးက မိမိတို့အခန်းကဏ္ဍအလိုက် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ကျန်းမာသန့်ရှင်းရေးလုပ်ငန်း ကြည့်မြင်တိုင်မြို့နယ်၌ဆောင်ရွက်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

**ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ကျန်းမာသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်မှုနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို ယမန်နေ့ နံနက်၆နာရီခွဲက ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းနှင့်ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့ တက်ရောက်အားပေးချီးမြှင့်သည်။**

ရှေးဦးစွာ အခမ်းအနားကို အဆိုပါကျောင်းရှိ ထီးတန်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ချယ်ရီရွှေထံမှ ရာသက်ပန်အသင်းဝင်အဆိုပြုလွှာစောင်ရေ ၁၀၀၀ ကို လက်ခံယူသည်။



### သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်းပေးအပ်

ထို့နောက် တိုင်းမှူးဗိုလ်မှူးချုပ်လှငွေးဝင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲများအတွက် သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်းများကို အသင်းခွဲ ဥက္ကဋ္ဌများထံ ပေးအပ်သည်။ **(အပေါ်ယာပုံ)**

### အမှတ်တရသစ်ပင်စိုက်ပျိုးပေး

ဆက်လက်၍ ကြည့်မြင်တိုင်မြို့နယ်၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ကျောင်းရှေ့၌ကျင်းပရာ တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသူများအား သစ်ပင်ပျိုးပင်များ ဝေငှပေးအပ်ပြီး အမှတ်တရ သစ်ပင်များစိုက်ပျိုးပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူများသည် ကြည့်မြင်တိုင်မြို့နယ် ဆေးရိုးတန်းငြိမ်းချမ်းရေးရပ်ကွက်၊ ပန်းလှိုင်ရပ်ကွက်နှင့် ထီးတန်းစက်မြေရပ်ကွက်များသို့ သွားရောက်၍ ရပ်ကွက်များအတွင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းနေမှု၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ရောဂါဖြစ်ပွားစေတတ်သည့်ခြင်များ မခိုအောင်းနိုင်စေရန် ဆေးဖျန်းခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပျဉ်းမနားနှင့် တပ်ကုန်းမြို့နယ်အနီးတစ်ဝိုက် လျှပ်စစ်ဓာတ်အား တိုးတက်ကောင်းမွန်ရန်ရည်ရွယ် ကျည်တောင်ကန် ဓာတ်အားခွဲရုံ တည်ဆောက်



ရန်ကုန် ဩဂုတ် ၂၇

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဩဂုတ်၂၃ရက်က မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ပျဉ်းမနားမြို့နယ် ကျည်တောင်ကန် 230 KV ဓာတ်အားခွဲရုံ လျာထားမြေနေရာနှင့် ဓာတ်အားလိုင်း တည်ဆောက်ဆွဲသွားမည့် လမ်းအူကြောင်းရှာဖွေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။**

ဝန်ကြီးက ကျည်တောင်ကန် 230KV ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းဖြင့် ပျဉ်းမနားမြို့နယ်နှင့် တပ်ကုန်းမြို့နယ် အနီးတစ်ဝိုက် လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ကောင်းမွန်စေရန်၊ ဓာတ်အားဖြန့်ဖြူးမှု အပိုင်းတွင် ဗို့အားအပြည့်အဝ ပိုမိုရရှိစေရန် အတွက်ရည်ရွယ်၍ ဓာတ်အားခွဲရုံကို တည်ဆောက်ရခြင်း ဖြစ်ကြောင်း မှာကြားသည်။

### လိုအပ်သည်များ ဖြည့်ဆည်းပေး

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ်၂၅ ရက် နံနက်ပိုင်းတွင် အလုံဓာတ်အားပေး စက်ရုံသို့ရောက်ရှိပြီး စက်ရုံ၏ အစည်းအဝေးခန်းမ၌ လက်ထောက်အင်ဂျင်နီယာချုပ် ဦးညွန့်အောင်က အမှတ်(၃) ဘွိုင်လာမော်ကျူးများ ရောက်ရှိလာမှု အခြေအနေကို တင်ပြရာ ဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး၊ မလိုလားအပ်သော အပျက်အစီး၊ အဆုံးအရှုံးများ မရှိစေရေး မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် Control Roomသို့ရောက်ရှိရာ ဝန်ကြီးအား လက်ထောက် အင်ဂျင်နီယာချုပ် ဦးညွန့်အောင်က ဓာတ်ငွေ့တာဘိုင် မောင်းနှင်ထားမှုကို Computerနှင့် Monitorပေါ်တွင် မောင်းနှင်ထားမှု၊ Boilerအမှတ်(၂) မောင်းနှင်ဓာတ်အား ထုတ်လုပ်မှုတို့ကို လည်းကောင်း၊ ရေနွေးငွေ့ တာဘိုင်မှ ထုတ်လုပ်သော 66KVဗို့အားပြ ကိရိယာနှင့် 33KVဗို့အားပြ ကိရိယာတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

### ဆက်သွယ်ညှိနှိုင်း

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ထရန်စဖော်မာ ပြုပြင်ရေးဌာနသို့ ရောက်ရှိရာ **(ဝဲပုံ)** လက်ထောက် အင်ဂျင်နီယာချုပ် ဦးခင်မောင်ဝင်းက ပြုပြင်ရန် လိုအပ်သော ထရန်စဖော်မာ များကိုလည်းကောင်း၊ လျှပ်ကာသတ္တိကျဆင်းနေသော ထရန်စဖော်မာဆီများကို လျှပ်ကာသုံးသတ္တိ ပိုမို မြင့်မားလာစေရန် စက်များဖြင့် ပြန်လည်ပြုပြင် သန့်စင်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ပြုပြင်ထိန်းသိမ်းရန်လိုအပ်သော ထရန်စဖော်မာများကို ထရန်စဖော်မာပြုလုပ်နေသော ကုမ္ပဏီများနှင့် ဆက်သွယ်ညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်ရန်ကိုလည်းကောင်း မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

၂၈–၈–၂၀၀၆
(တနင်္လာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၅ | ၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄း၃၀ | ၄။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၅၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၅း၁၀ | ၆။ | ကြည်နူးရွှင်ပျော် တေးသရုပ်ဖော် |
| ၅း၃၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၉။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၀။ | မိုးလေဝသသတင်း |
| ၆း၂၅ | ၁၁။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၃၅ | ၁၂။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၃။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မေတ္တာသည်သာ”** (အပိုင်း–၅၀) |
| ၈း၀၀ | ၁၄။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၅။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၆။ | မေးမြန်းစူးစမ်း |
| | ၁၇။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၁၈။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ဘက်မတူတဲ့ တက်လူ”** (အပိုင်း–၂) |

## ● ကျောဖုံးမှ

### ငါးပါးသီလခံယူဆောက်တည်

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး တိုင်းမှူးနှင့် ပရိသတ်များက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌမင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှဗိုလ်မှူးကြီးမြင့်ထွန်းနှင့် စစ်ဦးစီးဗိုလ်မှူးကြီး(စက်မှုလက်မှု)(လေ)ဗိုလ်မှူးကြီးချန်မောင်တို့က ဆွမ်းဆန်တော်များနှင့်ပဲများကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြပြီး ပျဉ်းမနားမြို့ ဘိုးဘွားရိပ်သာအတွက် ဆန်များနှင့် ပဲများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

### ဆွမ်းဆန်တော်လှူဒါန်း

ထို့နောက် သာသနာရေးဝန်ကြီးဌာနက လှူဒါန်းသော ဆွမ်းဆန်တော်များကို ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်က ဆရာတော်သံဃာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဌာနဆိုင်ရာများနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ တိုင်းရင်းဆေးမျိုးစုံနှင့် လှူဖွယ်ပစ္စည်းများကို တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

### ဆွမ်းပဒေသာပင်လှူဒါန်း

ဆက်လက်၍ ဆွမ်းပဒေသာပင် အလှူတော်ငွေများအဖြစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ငွေကျပ် လေးသောင်း၊ ပျဉ်းမနားခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် တစ်သိန်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့က ငွေကျပ် ခြောက်သောင်း၊ ဦးကျော်ဝင်း(ရွှေသံလွင်ကုမ္ပဏီ)က ငွေကျပ်ငါးသိန်း၊ ဦးထွန်းမြင့်နိုင် (အေးရှားဝေါလ်ကုမ္ပဏီ)က ငွေကျပ်လေးသိန်း၊ ဂိုးဒင်းဖလားဝါး ဆောက်လုပ်ရေးကုမ္ပဏီ၊ ဦးတင်ဝင်း-ဒေါ်စန်းဝင်း(မြန်မာပြည်သားဟော့ကေအင်န်ကုမ္ပဏီ)၊ ဦးမောင်မောင်နှင့်ညီများ(ဂရိတ်ဝေါ တိုင်းရင်းဆေးဝါးလုပ်ငန်း) နှင့် ဦးချစ်ခိုင်(အေဒင်ကုမ္ပဏီအုပ်စု)တို့က ငွေကျပ် သုံးသိန်းစီ၊ သီရိသုဓမ္မမဏိဇောတရေ သမားတော်ဦးဘိုကြီး- သီရိသုဓမ္မသီဂိ ဒေါ်သန်းသန်း (ရွှေပဒေသာပြည်လုံးချမ်းသာဆေးတိုက်)၊ သီရိသုဓမ္မမဏိဇောတရေ ဦးတင်အောင်-သီရိသုဓမ္မသီဂိဒေါ်လှလှနွယ် (ဝင်းရတနာခရီးသွားလုပ်ငန်း)၊ ဦးစိန်မောင်-ဒေါ်သိန်းရှင် (ပိတုန်း လက်ဖက်ခြောက် မိသားစု)၊ မိုးကြယ်စင် ကုမ္ပဏီနှင့် WHKဆောက်လုပ်ရေးကုမ္ပဏီတို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးသန်းမောင်-ဒေါ်ငွေကြည် (ချမ်းမြေ့စတိုး၊ မြောက်ဥက္ကလာပ) က ငွေကျပ် တစ်သိန်း နှစ်သောင်းခြောက်ထောင်၊ ဦးနိုင်ဝင်း-ဒေါ်ခင်မိုးဆွေ (ရွှေဝင်းကုမ္ပဏီ)၊ ဦးအောင်မွန်-ဒေါ်လှလှမော် (မြင့်အောင်မြတ် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေးကုမ္ပဏီ)၊ သီဟသုဓမ္မသီဂိ ဒေါ်မြသိန်းနှင့် သား ဦးရန်ရှင်း(ယူနိုက်တက်ဝင်းနား အင်တာနေရှင်နယ် ကုမ္ပဏီ)၊ သမားတော်ကြီး ဦးလှဌေး-သီရိသုဓမ္မသီဂိဒေါ်တင်နွယ်ဦး (မုန်ချိုဆေးတိုက်)၊ ဦးထွန်းရွှေ- ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါဆေးတိုက်)၊ ဦးကြည်စိုး (ကေသီပန်ဆေးတိုက်)၊ အုန်းခင်တို့က ငွေကျပ် တစ်သိန်း တစ်သောင်းစီ၊ ဦးကျော်သန်း-ဒေါ်တိုးတိုးမာ (ဆွေသဟာညည့်ရိပ်သာ)နှင့် ဦးစိုင်းဝီလျှံဦး (ရွှေတောင်ကြီး စားသောက်ဆိုင်)တို့က ငွေကျပ် ရှစ်သောင်းစီ၊ ဒေါ်ကျင်ဟွာ မိသားစု (ပွဲရုံလုပ်ငန်း၊ ရွှေချီ)က ငွေကျပ် ခြောက်သောင်း၊ ဦးဘိုကြီး-ဒေါ်မြင့်မြင့်သန်းက ငွေကျပ် ငါးသောင်း ခြောက်ထောင်၊ ဦးဇော်ဦး-ဒေါ်သီတာ (ကံဦးကျေးရွာ)၊ ဦးဝင်းနိုင်-ဒေါ်လဲ့လဲ့မေ(ရိုးမရတနာညည့်ရိပ်သာ)၊ ဦးအောင်သန်း- ဒေါ်မာမာဝင်း (အေးဇင်အောင်စားသောက်ဆိုင်)၊ သုခမြိုင်မိုတယ်၊ ရောင်း/စက်ဌာန- ပျဉ်းမနားသစ်ဆိုင်(မြန်မာ့သစ်လုပ်ငန်း)၊ ဦးလှထွန်း-ဒေါ်အေးအေး (ဒေါ်ညီမလေးပွဲရုံ)၊ ဦးအောင်ချို (သက်န်းပရိက္ခရာနှင့်မုန့်ဆိုင်) ဦးကြည်စိုးနှင့် မောင်နှမများ (ခေတ်သစ်အိမ်ဆောက်ပစ္စည်းလုပ်ငန်း)နှင့် ဦးမြင့်စိုး-ဒေါက်တာမြဇင်ဇင်ထွန်း( မြင့်မောင်စားသောက်ဆိုင်)တို့က ငွေကျပ် ငါးသောင်းစီ အပါအဝင် အလှူရှင်များက အလှူတော်ငွေကျပ် သိန်းခုနစ်ဆယ့် ခုနစ်သောင်းခြောက်ထောင်တိတိကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများက စာသင်တိုက်များနှင့် ဘိုးဘွားရိပ်သာတို့ကိုယ်စား လက်ခံကြသည်။



သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ပျဉ်းမနားမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက် သုံးတိုက်နှင့်ဘိုးဘွားရိပ်သာတို့သို့ တပ်မတော် (ကြည်း၊ ရေ၊လေ)မိသားစုများနှင့်စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲတွင် အလှူရှင်တစ်ဦးထံမှ ဆွမ်းပဒေသာပင်အတွက် လှူဒါန်းငွေများ လက်ခံစဉ်။ (သတင်းစဉ်)



တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ဗိုလ်မှူးကြီးမြင့်ထွန်းနှင့် စစ်ဦးစီး ဗိုလ်မှူးကြီး(စက်မှုလက်မှု)(လေ) ဗိုလ်မှူးကြီးချန်မောင်တို့ ပျဉ်းမနားမြို့ ဘိုးဘွားရိပ်သာအတွက် ဆန်များနှင့်ပဲများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီ၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ဦးမြင့်အောင် မိသားစု (ဇောတိကပွဲရုံ၊ ယောက်သွားအင်းကျေးရွာ)၊ PME Co., Ltd. Mitsubishi Electronicနှင့် ဦးဘိုအေး-ဒေါ်မြခင်မာ (ကားဝပ်ရှော့လုပ်ငန်း၊ ပေါင်းလောင်း)တို့က ငွေကျပ် တစ်သိန်းစီ၊ ဦးသိန်းမောင်-ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)က ငွေကျပ် သုံးသိန်း သုံးထောင်၊ ဦးမျိုးအောင်- ဒေါ်ခင်ရည်မွန်(ဆန်းမြန်မာကုမ္ပဏီ)နှင့် ဦးအောင်ဇော်မြင့်-သီရိသုဓမ္မသီဂိ ဒေါက်တာဒေါ်မြတ်မြတ်

### လျှောက်ထား

ထို့နောက် စစ်ဦးစီး ဗိုလ်မှူးကြီး (စက်မှုလက်မှု) (လေ) ဗိုလ်မှူးကြီး ချန်မောင်က တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

### အမျှပေးဝေ

ယင်းနောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဓမ္မစကြာဝတ်အသင်းက အရပ်ဆယ်မျက်နှာ ဆုတောင်းမေတ္တာပို့သကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ လှူဒါန်းမှု အစုစုတို့မှာ ဆွမ်းဆန်တော် ၁၂၁ အိတ်၊ ဆီ ၇၇ ပိဿာ၃၀ကျပ်သား၊ အိုင်အိုဒင်းဆား ၂၇၁ပိဿာ၊ သွားတိုက်ဆေး၅၃ဘူး၊ ပဲ ၅၄ပိဿာ ၂၀ကျပ်သား၊ တိုင်းရင်းဆေးမျိုးစုံဘူး ၁၄၂၀ နှင့် ၁၅၃၈ထုပ်၊ ဆပ်ပြာ ၂၇၁တောင့်နှင့် ၂၃၇ခဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေပေါင်း ငွေကျပ် သိန်းခုနစ်ဆယ် ခုနစ်သောင်း ခြောက်ထောင်တိတိ ဖြစ်သည်။ **(သတင်းစဉ်)**



ဩဂုတ် ၂၇ရက်က မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့် အမှာစကားပြောကြားစဉ်။ (က-ပ)

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၄)ဖြန့်ချိ

**ရန်ကုန် ဩဂုတ် ၂၇**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၄)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ ကိုရီးယားခရီးသွားဆောင်းပါး "ကင်မ်ချီစားကြမလား"၊ ထမံသီရေလှောင်တမံကိုကျော်၍ သင်္ဘောကြီးများသွားလာနိုင်ရန် Navigation Lockစနစ်ထည့်သွင်း တည်ဆောက်မည်၊ နေပြည်တော်နှင့် ရန်ကုန်အွန်လိုင်းစနစ်ဖြင့် ငွေလွှဲနိုင်ပြီ၊ မလေးရှားနိုင်ငံအခြေစိုက် အာရှပစိဖိတ် ရုပ်သံဖွံ့ဖြိုးရေးသိပ္ပံ၌ အိုင်တီပရိုဂရမ်မန်နေဂျာရာထူး လစ်လပ် မြန်မာနိုင်ငံသားများ လျှောက်ထားနိုင်စသည့် မျက်မှောက်ရေးရာ ပြည်တွင်းသတင်းစုံလင်စွာဖြင့် ယနေ့ထွက်ရှိလာသည်။

"ပရော်ဖက်ရှင်နယ်စိတ်ဓာတ်" အားကစားဆောင်းပါးနှင့်အတူ အိပ်ချ်အိုင်ဗွီတက်သုတ်ဆေးစစ်နည်း အခြေအနေမှန်ကို အမြန်သိစေနိုင်၊ ရှော့ခ်ဘုရင် ပရက်စလေ အမှန်တကယ်ကွယ်လွန်ခြင်းလား ရှောင်ပုန်းခြင်းလားဖော်နိုင်သူ ဒေါ်လာသုံးသန်းရနိုင်၊ သုဝဏ္ဏဘူမိလေဆိပ်ဖွင့်လှစ်ရန်အသင့် စသည့်နိုင်ငံတကာသတင်းများ၊ စီးပွားရေး၊ ကျန်းမာရေး၊ သုံးသပ်ချက်ဆောင်းပါးများနှင့်ဖျော်ဖြေရေးကဏ္ဍ ဝေဝေဆာဆာဖြင့် e-Empire Media Houseမှ မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့်လူကုန်ကူးမှုတားဆီးရေးလုပ်ငန်းအဖွဲ့ခွဲ အသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၂၇**

အင်းစိန်မြို့ အကျဉ်းဦးစီးဌာန အောင်မင်္ဂလာခန်းမတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့ခွဲ၏ အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် အင်းစိန်မြို့အကျဉ်းဦးစီးဌာန အောင်မင်္ဂလာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က အမှာစကားပြောကြားသည်။

ထို့နောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းအကြောင်းကို ဒုတိယရဲမှူးဥမ္မာရင်မိကလည်းကောင်း၊ တစ်ကိုယ်ရေသန့်ရှင်း ကျန်းမာခြင်းအကြောင်းကို အမျိုးသမီး ငယ်/ရွယ်အဖွဲ့ဝင်ဒေါက်တာမော်လီချစ်ကလည်းကောင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ခြင်းအကြောင်းကို အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ပါမောက္ခဒေါ်ဌေးဌေးကလည်းကောင်း၊ လူမှုရေးအခက်အခဲနှင့် ကြုံတွေ့နေရသော အမျိုးသမီးများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းအကြောင်းကို အမျိုးသမီးများအား ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူးဒေါ်ထွေးမြင့်ကလည်းကောင်းအသီးသီးဆွေးနွေးဟောပြောကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးက ကျေးဇူးတင်စကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဇနီး ဒေါ်စမ်းစမ်းဝေ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်း အဖွဲ့ခွဲခေါင်းဆောင်ဒေါ်ခင်မေစိုး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်း အဖွဲ့ခွဲခေါင်းဆောင် ဒေါ်ကြည်ကြည်မြ၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ပါမောက္ခ ဒေါ်ဌေးဌေး၊ အမျိုးသမီး ငယ်/ရွယ် လုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါ်ပိုပိုကြည်နှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ တပ်ဖွဲ့၊ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၏ ဇနီးနှင့် အကျဉ်းဦးစီးဌာနမှ တပ်ဖွဲ့ဝင်အမျိုးသမီးများနှင့်မိသားစုဝင်စုစုပေါင်း အင်အား ၅၂၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တောင်ကိုရီးယား-ဂျပန် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်မည်

ဆိုးလ် ဩဂုတ် ၂၇

**သမိုင်းကြောင်း၏ နားလည်မှု အမှန်တရားတစ်ရပ်အပေါ်တွင်အခြေခံကာ တောင်ကိုရီးယားနှင့်ဂျပန် နှစ်နိုင်ငံတို့အကြား အနာဂတ်ဆက်ဆံရေး တိုးတက်စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဟု တောင်ကိုရီးယားအစိုးရက ခံယူထားကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ဘင်ကီမွန်းက ဩဂုတ် ၂၅ ရက်၌ ပြောကြားလိုက်သည်။**

### ပူးပေါင်းဆောင်ရွက်

ဈေးကွက်စီးပွားရေး၊ လူ့အခွင့်အရေးနှင့် နိုင်ငံရေးဆိုင်ရာကိစ္စရပ်များပေါ်တွင် အခြေခံကာ ဂျပန်နှင့်အတူ အခင်မင်မပျက် ပူးပေါင်းဆောင်ရွက်ရန် တောင်ကိုရီးယားအစိုးရက ခံယူထားကြောင်း ဘင်ကီမွန်းက ပြောကြားသည်။

### အရေးပါ

ထိုသို့ ဂျပန်နိုင်ငံနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်းသည် ကိုရီးယားကျွန်းဆွယ်၏ ငြိမ်းချမ်းရေးနှင့် ချမ်းသာကြွယ်ဝရေးအတွက်သာ အဓိကထားခြင်း မဟုတ်ကြောင်း၊ အရှေ့မြောက်အာရှဒေသတစ်ခုလုံးအတွက်လည်း အရေးပါသော ဆောင်ရွက်မှုဖြစ်ကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ဘင်ကီမွန်းက ဆက်လက်ပြောကြားသည်။

တောင်ကိုရီးယားနှင့် ဂျပန် နှစ်နိုင်ငံတို့သည် မကြာခင်ကာလက ဆက်ဆံရေးကောင်းမွန်မှု ဆိုင်ရာ ဆောင်ရွက်မှုများကို ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ယူနန်ပြည်နယ်တွင် လျှောင်လှုပ် နှစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

ကူမင်း ဩဂုတ် ၂၇

**တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ် ယန်ကျင်းစီရင်စုတွင် ဩဂုတ် ၂၅ ရက် မွန်းလွဲ ၁နာရီ ၅၁ မိနစ်က ရစ်ချ်တာစကေး ၅ ဒသမ ၁ ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း၊ ထိုမြေငလျင်လှုပ်မှုကြောင့် လူနှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အာဏာပိုင်များက ပြောကြားသည်။**

**မြေငလျင်လှုပ်ရာဒေသသို့ ငလျင်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် အရာရှိများကို စေလွှတ်ကာ ကူညီဆောင်ရွက်မှုများကို ပြုလုပ်စေခဲ့ကြောင်း ယူနန်ပြည်မြို့ပြရေးရာ ဗျူရိုက ပြောကြားသည်။**

**ငလျင်လှုပ်ရာဒေသသည် ယူနန်ပြည်နယ် မြို့တော်ကူမင်းမှ ကီလိုမီတာ ၅၇၀ ခန့်တွင် ဖြစ်ကြောင်း သိရသည်။ ယန်ကျင်းစီရင်စုနှင့် အနီးဝန်းကျင်ရှိ ဒါဂွမ်စီရင်စုတို့တွင် ဇူလိုင် ၂၂ ရက်က ရစ်ချ်တာစကေး ၅ ဒသမ ၁ ရှိသော မြေငလျင်လှုပ်မှုကြောင့် လူ ၂၂ ဦးသေဆုံးပြီး ၁၀၆ဦးဒဏ်ရာရရှိခဲ့သည့် ဖြစ်ရပ် ဖြစ်ပွားခဲ့သေးကြောင်း သိရသည်။**

အမ်အင်အေ၊ဆင်ဟွာ



ဖိလစ်ပိုင်ကမ်းရိုးတန်း တစ်လျှောက်ပျံ့နှံ့နေသော ရေနံများအား ဒေသခံပြည်သူများက ရှင်းလင်းဖယ်ရှားနေသည်ကို ဩဂုတ် ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ဂျပန်သင်္ဘောဖြင့် ဖိလစ်ပိုင်ရေပြင်မှ ရေနံများရှင်းလင်းမည်

ဂျော်ဒင် ဩဂုတ် ၂၇

**ဖိလစ်ပိုင်ပင်လယ်ရေပြင်တွင် ရေနံများ ဆိုးရွားစွာပျံ့နှံ့နေမှုကြောင့် ဖယ်ရှားရှင်းလင်းရေးအတွက် ကူညီရန် ဂျပန်နိုင်ငံမှ ဖယ်ရှားရှင်းလင်းရေး သင်္ဘောတစ်စင်းကို ငှားရမ်းထားကြောင်း သိရသည်။**

ထိုရေနံဖယ်ရှားရှင်းလင်းရေး ဂျပန်သင်္ဘောသည် ဩဂုတ် ၂၅ ရက်က ရောက်ရန်ဖြစ်သော်လည်း အနည်းဆုံး သုံးရက်ခန့် နောက်ကျ ရောက်ရှိလာမည်ဖြစ်သဖြင့် ပင်လယ်ပြင်တွင် ဆိုးရွားစွာ ပျံ့နှံ့နေသော ရေနံများ ရှင်းလင်းဖယ်ရှားရေးမှာ နှောင့်နှေးကြန့်ကြာနေရကြောင်း ဖိလစ်ပိုင်အရာရှိများက ဩဂုတ် ၂၄ ရက်တွင် ပြောကြားသည်။

### ပြောကြား

အဆိုပါ ဂျပန်သင်္ဘောမှာ ဩဂုတ် ၂၉ ရက်၌ ရောက်ရှိလာမည်ဟု မျှော်မှန်းရကြောင်း ဖိလစ်ပိုင်ကမ်းရိုးတန်းစောင့် တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အရာရှိတစ်ဦးက ပြောကြားသည်။

### ဆိုးရွား

ရေနံများ ရေပြင်တွင် ပျံ့နှံ့နေမှုမှာ ကီလိုမီတာ ၂၀၀ ခန့်ရှိပြီး လူလေးသောင်းကျော်မှာ ပင်လယ်ရေညစ်ညမ်းမှုဒဏ် ဆိုးရွားစွာ ခံစားနေရသည်။ ထိုရေနံများမှာ ရေနံတင်သင်္ဘောတစ်စင်း ဩဂုတ် ၁၁ ရက်က နစ်မြုပ်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

### နစ်မြုပ်

ထိုရေနံတင်သင်္ဘောမှာဖိလစ်ပိုင်နိုင်ငံ ရိုင်မရက်စ်ကျွန်း ကမ်းလွန်ရေအောက် မီတာ ၆၄၀ ၌ နစ်မြုပ်နေကြောင်း၊ တန်ချိန် ၉၉၈ တန်ရှိသည့် ဆိုလာ-၁ အမည်ရှိ ရေနံတင်သင်္ဘောဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ရိုက်တာ**

# ပါကစ္စတန်၌ ရှစ်ထပ်တိုက်ပြိုကျ လေးဦးသေဆုံးပြီး ဒဏ်ရာရသူများပြား

အစ္စလမ္မာဘတ် ဩဂုတ် ၂၇

**ပါကစ္စတန်နိုင်ငံ အလယ်ပိုင်းတွင် ရှစ်ထပ်အမြင့်ရှိသော တိုက်အဆောက်အအုံတစ်ခု ဩဂုတ် ၂၄ရက်က ပြိုကျခဲ့ရာ အနည်းဆုံး လူလေးဦးသေဆုံးခဲ့ကြောင်း အခြားလူများလည်း ဒဏ်ရာရရှိခဲ့ကြောင်း ပြည်တွင်းရုပ်မြင်သံကြား သတင်းဌာနမှ သတင်းထုတ်လွှင့်သည်။**

ပါကစ္စတန်နိုင်ငံပန်ဂျပ်ပြည်နယ် အလယ်ပိုင်း မြို့တော်လာဟိုးတွင် ရှစ်ထပ်အမြင့်ရှိသော တိုက်အဆောက်အအုံပြိုကျခဲ့သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

အဆောက်အအုံ ပြိုကျမှုကြောင့် ဒဏ်ရာရရှိခဲ့သောသူများအား ဆေးရုံ၌ ဆေးကုသမှုပေးလျက်ရှိပြီး အချို့မှာ စိုးရိမ်ရသော အခြေအနေရှိသည်ဟု သိရသည်။ ကယ်ဆယ်ရေးအဖွဲ့များက အဆောက်အအုံ အပျက်အစီးများ အတွင်းမှ သေဆုံးသူများကို ရှာဖွေလျက်ရှိပြီး အပျက်အစီးများကိုလည်း ဖယ်ရှားရှင်းလင်းလျက်ရှိသည်။

### ပျက်စီးခဲ့

အဆိုပါရှစ်ထပ်အဆောက်အအုံ ပြိုကျမှုကြောင့် အနီးရှိ မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များလည်း ပျက်စီးခဲ့ရကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**၂၀၀၆ အင်ဒိုနီးရှားမယ်အဖြစ် ရွေးချယ်ခံရသူအား ဩဂုတ် ၂၅ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

**မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ**

### ပြင်သစ်တပ်ဖွဲ့များ ရောက်ရှိ



**လက်ဘနွန် တောင်ပိုင်းသို့ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိလာသော ပြင်သစ်တပ်ဖွဲ့ဝင်များအား ဩဂုတ် ၂၆ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ပြင်သစ်တပ်ဖွဲ့ဝင် ၁၅၀ ဘေရွတ်သို့ ရောက်ရှိ

နာကူရာ ဩဂုတ် ၂၇

**လက်ဘနွန်နိုင်ငံတောင်ပိုင်း အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့် ဒေသတွင် ကုလသမဂ္ဂတပ်ဖွဲ့ဝင်များနှင့်အတူ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းများ ပူးတွဲဆောင်ရွက်ရန် အဖွဲ့ဝင် ၁၅၀ပါသော ပြင်သစ်တပ်ဖွဲ့ဝင်များ ဘေရွတ်မြို့သို့ ဩဂုတ် ၂၅ ရက်၌ ရောက်ရှိလာသည်။**

ပြင်သစ်တပ်ဖွဲ့ဝင်များသည် လက်ဘနွန်နိုင်ငံသို့ သင်္ဘောဖြင့်ရောက်ရှိလာခြင်းဖြစ်ပြီး ကတိပြုထားသော ပြင်သစ်တပ်ဖွဲ့ဝင် ၂၀၀ အနက်မှ အစိတ်အပိုင်းအချို့ ဖြစ်ကြောင်း သိရသည်။

### ကြိုးစားသွားမည်

သို့ရာတွင် မိမိတို့ ပြင်သစ်နိုင်ငံအနေဖြင့် လက်ဘနွန်တောင်ပိုင်းတွင် ကုလသမဂ္ဂတပ်ဖွဲ့ဝင်များနှင့် ပူးတွဲဆောင်ရွက်ရန် တပ်ဖွဲ့ဝင် ၁၆၀၀ ကျော် စေလွှတ်ရေး ကြိုးစားသွားမည်ဟု ပြင်သစ်သမ္မတ ဂျက်ရှီရက်က ဩဂုတ် ၂၄ ရက်၌ ပြောကြားသည်။

### တွန်းအားပေး

လောလောဆယ် ကျန်သည့် ပြင်သစ်တပ်ဖွဲ့ဝင် ၅၀ မှာ လာမည့် သီတင်းပတ်တွင် လက်ဘနွန်နိုင်ငံတောင်ပိုင်း နာကူရာဆိပ်ကမ်းသို့ ရောက်ရှိလာမည်ဖြစ်သည်။ ဩဂုတ် ၂၅ ရက်က ကျင်းပသော ဥရောပသမဂ္ဂ နိုင်ငံခြားရေးဝန်ကြီးများ အရေးပေါ် အစည်းအဝေးက တပ်ဖွဲ့ဝင်အမြန် ဖြန့်ချရေးကြိုးစားဆောင်ရွက်ကြရန် တွန်းအားပေးထားသည်။

### လိုလားလျက်ရှိ

ကုလသမဂ္ဂအနေဖြင့် လက်ဘနွန်တောင်ပိုင်းတွင် ကုလသမဂ္ဂတပ်ဖွဲ့ဝင်အရေအတွက်ကို လက်ရှိ ၂၀၀၀ ခန့်မှ ၁၅၀၀၀ အထိ တိုးမြှင့်ဖြန့်ချရေး လိုလားလျက်ရှိပြီး လက်ဘနွန်တောင်ပိုင်းရှိ လက်ဘနွန်တပ်ဖွဲ့ဝင်များကို အကူအညီများ ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ရိုက်တာ**

# တရုတ်–စင်ကာပူ စက်မှုဇုန်ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မည်

ပေကျင်း ဩဂုတ် ၂၇

**အဆင့်မြင့်နည်းပညာရပ်များကိုအခြေခံသည့် ကမ္ဘာ့အဆင့်မီ ဆူကျို့စက်မှုဇုန်ထူထောင်ရန် တရုတ်နှင့် စင်ကာပူ နှစ်နိုင်ငံတို့က ဩဂုတ် ၂၄ ရက်က သဘောတူလက်မှတ် ရေးထိုးခဲ့ကြသည်။**

**တာဝန်ယူ**

၁၉၉၄ ခုနှစ်က စတင်ခဲ့သည့် တရုတ်–စင်ကာပူ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းဆိုင်ရာ ပူးတွဲကော်မတီ၏ ရှစ်ကြိမ်မြောက် အစည်းအဝေးကို ပေကျင်း၌ ကျင်းပရာ တရုတ်ဒုတိယ ဝန်ကြီးချုပ်ဝူယီနှင့် စင်ကာပူဒုတိယ ဝန်ကြီးချုပ် ဝမ်ကန်ဆင်းတို့က ပူးတွဲသဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

**ပူးပေါင်းဆောင်ရွက်**

အဆိုပါ ကော်မတီအနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုမှ စီးပွားရေးတိုးတက်မှု ၂၀ ရာခိုင်နှုန်းအထိ ရရှိရန် မျှော်မှန်းချက်ထား ဆောင်ရွက်သွားမည်ဖြစ်သည်။ ၎င်းပူးတွဲကော်မတီ၏ ခုနစ်ကြိမ်မြောက် အစည်းအဝေးကို ၂၀၀၄ ခုနှစ်က ပြုလုပ်ခဲ့ပြီး နောက်ပိုင်း တည်ဆောက်ရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တိုးတက်မှုတွင် ၂၅ ရာခိုင်နှုန်း ရှိခဲ့သည်ကို ယခုအစည်းအဝေး၌ အဆိုပါ ကော်မတီက ချီးကျူးလိုက်သည်။

**ခွင့်ပြု**

ဆူကျို့စက်မှုဇုန်ကြီးသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၉၈၁ ခုကို ခွင့်ပြုပေးထားသည်။ ထိုခွင့်ပြုမှုတွင် ကန်ထရိုက်လုပ်ငန်းများဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၈ သန်းနှင့် စီးပွားရေးလုပ်ငန်းများတွင် အမှန်တကယ် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံအထိရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ဂါဇာကမ်းမြောင်အား အစ္စရေးတို့ တိုက်ခိုက်

ဂါဇာ ဩဂုတ် ၂၇

**အစ္စရေးစစ်လေယာဉ်များက ဒုံးကျည်နှစ်ခုဖြင့် ဩဂုတ် ၂၅ ရက်က တိုက်ခိုက်ခဲ့မှုကြောင့် ဂါဇာစီးတီးနှင့် ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းတွင် ပါလက်စတိုင်း ၁၀ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။**

**ပျက်စီး**

**အစ္စရေး စစ်လေယာဉ်တစ်စင်းက ဂါဇာစီးတီးရှိ အလုပ်ရုံတစ်ခုနှင့် နေအိမ်တစ်လုံးတို့အပေါ် ဒုံးကျည်နှစ်ခုဖြင့် ပစ်ခတ်ခဲ့သဖြင့် ပါလက်စတိုင်း သုံးဦး ဒဏ်ရာရရှိခဲ့ပြီး နေအိမ်ပျက်စီးခဲ့ရသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။**

**တိုက်ခိုက်**

**အခြားဒုံးကျည်တစ်ခုမှာ မပေါက်ကွဲကြောင်း ဒဏ်ရာရသူများကို ဆေးရုံတင်ပို့လိုက်ကြောင်း အစ္စရေးတို့အနေဖြင့် ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းရှိ ဂျာဘာလီရာဒုက္ခသည်စခန်းအား ပစ်မှတ်ထားတိုက်ခိုက်ခြင်း ဖြစ်သည်ဟု ၎င်းတို့က ပြောကြားသည်။**

**ဒဏ်ရာရ**

**အစ္စရေးတို့ ယခုပစ်ခတ်တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ပါလက်စတိုင်း ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများက ပြောကြားသည်။**

အမ်အင်အေ၊ဆင်ဟွာ



**အတ္တလန်တစ် အာကာသယာဉ်**

**နိုင်ငံတကာ အာကာသစခန်းသို့ မကြာမီ လွှတ်တင်မည့် အတ္တလန်တစ် အာကာသယာဉ်အား ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီ အာကာသစခန်း၌ အပြီးသတ် ပြင်ဆင်မှုများ ပြုလုပ်နေသည်ကို ဩဂုတ် ၂၆ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ– အင်တာနက်)

# အိန္ဒိယနိုင်ငံတစ်ဝန်း ကျားကောင်ရေစာရင်းကောက်ယူ

နယူးဒေလီ ဩဂုတ် ၂၇

**အိန္ဒိယနိုင်ငံ တစ်ဝန်းရှိ ထောင်ပေါင်းများစွာသော သစ်တောဝန်ထမ်းများသည် အိန္ဒိယနိုင်ငံ၏ တောကြီးမျက်မည်းနှင့် အမျိုးသားဥယျာဉ်များ၌ အန္တရာယ်နှင့် ကြုံတွေ့နေရသော ကျားကောင်ရေစာရင်း ရှာဖွေကောက်ယူလျက်ရှိကြောင်း တာဝန်ရှိသူများက ဩဂုတ် ၂၆ ရက်တွင် ပြောကြားသည်။**

ထိုကဲ့သို့ ကျားကောင်ရေ စာရင်းကောက်ယူရာတွင် သစ်တောဝန်ထမ်း ၈၈၀၀ ကို လေ့ကျင့်သင်တန်းပေးခဲ့ကြောင်း ရိုက်တာ၌ ဖော်ပြသည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ကျားကောင်ရေ ထက်ဝက်ရှိနေသည့် နိုင်ငံဖြစ်သည်။ ယင်းကျားသတ္တဝါများ၏ အန္တရာယ်ကို ကာကွယ်ပေးရန် တိုက်ပွဲတစ်ရပ် အိန္ဒိယနိုင်ငံမှာ ဆုံးရှုံးနေကြောင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး ကျွမ်းကျင်ပညာရှင်များက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ရာစုနှစ်က ကျားကောင်ရေ ၄၀၀၀၀ ရှိခဲ့သည်။ သို့သော်လည်း လွန်ခဲ့သော ဆယ်စုနှစ်များက အမဲလိုက်သတ်ဖြတ်မှုများကြောင့် အဆိုပါ ကျားကောင်ရေ အရေအတွက်မှ ကျားကောင်ရေ ၃၇၀၀ အထိနည်းပါးသွားခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ**

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# တောမီးလောင်ကျွမ်းမှု ငြိမ်းသတ်ရန် အင်ဒိုနီးရှား၌ မိုးတုရွာချပေးမည်

**ဂျကာတာ ဩဂုတ် ၂၇**

အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် တောမီးများ လောင်ကျွမ်းခြင်းကြောင့် မီးခိုးများ လွှမ်းခြုံကျရောက်ခြင်းကို ဟန့်တားနိုင်ရန်အတွက် လာမည့်သီတင်းပတ်တွင် ရေပုံးများကို တောမီးလောင်ကျွမ်းရာဒေသများ၌ ကြဲချလိမ့်မည် ဖြစ်ကြောင်း၊ ယင်းမှတစ်ဆင့် တိမ်တိုက်များကိုဖြစ်ပေါ်စေလျက် မိုးတုရွာချရန်လည်း ကြိုးပမ်းမည်ဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

**ကြဲချ**

ရေပုံးများတွင် ရေလီတာ ၁၀၀၀ နှင့် ၃၀၀၀ အတွင်းပါရှိမည်ဖြစ်ကြောင်း၊ ယင်းရေပုံးများကို တောမီးကြောင့် ပျက်စီးနေသော ဆူမာတြားနှင့်ဘော်နီယိုကျွန်းများပေါ်သို့ စစ်ဘက်ကုန်တင်လေယာဉ်များပေါ်မှ ကြဲချမည်ဖြစ်ကြောင်း လူမှုဝန်ထမ်းဝန်ကြီး အဘူရီဇယ်ဘာခရီက ပြောကြားသည်။

**မိုးတုရွာသွန်း**

မိုးတု ရွာသွန်းချပေးခြင်းသည် မီးတောက်ကို ရာနှုန်းပြည့်ငြိမ်းသတ်ပေးနိုင်မည်မဟုတ်သော်လည်း မီးညွှန့်ကျိုးအောင် လုပ်နိုင်ကြောင်း ဘာခရီက ထပ်လောင်းပြောကြားသည်။

အင်ဒိုနီးရှားအစိုးရက ထိုသို့ ရေပုံးများကြဲမချမီ အန္တရာယ်ရှိ ဒေသများတွင် လက်ကမ်းစာစောင်များကိုလည်း ကြဲချမည်ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ရိုက်တာ**

# ပီရူးနိုင်ငံတစ်ဝန်း ဘိန်းချက်စခန်း ၅၀၀ကျော်ဖျက်ဆီး

**လီမာ ဩဂုတ် ၂၇**

ယခုနှစ်တွင် ပီရူးနိုင်ငံတစ်ဝန်း ရဲတပ်ဖွဲ့က တရားမဝင် ဘိန်းချက်စခန်း၅၀၇ခုကို ဖျက်ဆီးလိုက်ကြောင်း၊ ထိုသို့ ဖျက်ဆီးနိုင်ခဲ့သဖြင့် ကိုကင်းထုတ်လုပ်မှုတန်ချိန် ၇ဒသမ ၆တန်ကို လျှော့ချနိုင်ခဲ့ကြောင်း ပီရူးပြည်ထဲရေးဝန်ကြီးက ဩဂုတ် ၂၅ရက်၌ ပြောကြားသည်။

ပီရူးအာဏာပိုင်များက တရားမဝင် ဘိန်းစိုက်ခင်း ဟက်တာ၈၀၀၀ ဖျက်ဆီးပြီး ကိုကင်းထုတ်လုပ်ရန် ဓာတုဗေဒဆေးဝါး ၁၃၄တန်ကိုလည်း ဖမ်းဆီးနိုင်ခဲ့ကြောင်း အဆိုပါ ဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

ထိုအတောအတွင်း ပီရူးမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့က ပြောကြားရာတွင် ယူကာယာလီနှင့် အယာကူဆိုဒေသများ၌ ကိုကင်းဆေးပြားထုတ်လုပ်သည့် စက်၁၁လုံးကိုလည်း ဖျက်ဆီးခဲ့ကြောင်း ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ရှားပါးသောလိပ်



**ကမ္ဘာပေါ်တွင် အလွန်ရှားပါးသော လိပ်မျိုးစိတ်ဝင်တစ်ကောင်အား တွေ့ရစဉ်။** (ယာပုံ)

အဆိုပါလိပ်ကလေးကို အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း လာတာဂူရီ ရေနေသတ္တဝါများ ထိန်းသိမ်းစောင့်ရှောက်ရေးဌာန၌ ထားရှိသည်။ ၎င်း လိပ်လေး၏ အခွံများသည် ပျော့လွန်းပြီး အလွန်ရှားပါးသော လိပ်မျိုးစိတ်ဖြစ်ကြောင်း၊ တွေ့ရှိသမျှ လိပ်မျိုးများ၌ အရွယ်အစား အသေးငယ်ဆုံးဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**

## ပန်းပွင့်ပန်းချီကား



**ပန်းပွင့်ပေါင်း မြောက်မြားစွာဖြင့် ပြုလုပ်ထားသော ပန်းချီကား တစ်ချပ်ကို တွေ့ရစဉ်။**(ဝဲပုံ)

ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့တွင် ကျင်းပလျက်ရှိသည့် ပန်းပြပွဲတစ်ခုတွင် ပန်းပွင့်ပေါင်းများစွာဖြင့် ပြုလုပ်ဖန်တီးထားသော ပန်းချီကား တစ်ချပ်ကို ပြသခဲ့သည်။ ထိုပန်းပွင့်ပန်းချီကားကို ပရိသတ် အများ စိတ်ဝင်စားစွာ ကြည့်ရှုခဲ့ကြသည်။

**(အင်တာနက်)**

# မြန်မာ့အလင်း သီတင်းတစ်ပတ်အတွင်း ကမ္ဘာ့သတင်းအကျဉ်း

## စုစည်းမှတ်တမ်းတင်သူ – မောင်မောင်မြင့်ဆွေ

ကမ္ဘာတစ်ဝန်း သီတင်းတစ်ပတ်အတွင်း ဖြစ်ပျက်ခဲ့သော ထူးခြားသတင်းဖြစ်ရပ်များမှ အချို့ကို စုစည်းပြီး မြန်မာ့အလင်းပရိသတ်အတွက် ဖော်ပြလိုက်ပါသည်။

ဩဂုတ် ၂၁။ – အီရန်နိုင်ငံက မြေပြင်ပစ်တာလတ်ဒုံးကျည်၁၀ခုကို မြို့တော်တီဟီရန်၏တောင်ဘက် ၁၅၅မိုင် အကွာ သဲကန္တာရမှ စမ်းသပ်ပစ်လွှတ်လိုက်သည်။ ၎င်းဒုံးကျည်များသည် မိုင်၅၀မှ မိုင်၁၅၀ အတွင်း ပစ်မှတ်များကို အတိအကျ ပစ်ခတ်နိုင်စွမ်းရှိသည်ဟု အီရန်နိုင်ငံက သတင်းထုတ်ပြန်သည်။

– ဂျာမနီနိုင်ငံတွင် မီးရထားပေါ် ဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်မည်ဟူသော သတင်းရရှိပြီးနောက် ဂျာမနီဘူတာရုံတစ်ခုတွင် တပ်ဆင်ထားသောလုံခြုံရေးကင်မရာမှ ရိုက်ယူထားသော ပုံအရ ဗုံးခွဲရန်ကြံစည်သူ လက်ဘနွန်နိုင်ငံသားတစ်ဦးကို ဂျာမနီရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့သည်။

ဩဂုတ် ၂၂။ – **အစ္စရေး–ဟစ်ဇ်ဘိုလာတို့ အပြန်အလှန်တိုက်ခိုက်မှုဖြစ်ပွားစဉ်ကာလအတွင်း အစ္စရေးလေကြောင်းမှ ကလပ်စတာဗုံးများအဆမတန်ကြဲချခဲ့ရာ ထိုဗုံးများကို ရှင်းလင်းရန် အချိန်တစ်နှစ်ခန့် ကြာမြင့်မည်ဖြစ်ကြောင်း ကုလသမဂ္ဂက ပြောကြားလိုက်သည်။**

– အိန္ဒိယနိုင်ငံတွင် အမေရိကန်ကုမ္ပဏီများထုတ်လုပ်သည့် ကိုကာကိုလာနှင့် ပက်ပ်စီကိုလာ အချိုရည်များတွင် သတ်မှတ်ထားသည့် ပိုးသတ်ဆေးပမာဏထက် ၂၄ ဆ ပိုမိုပါဝင်နေသဖြင့် အဆိပ်အတောက်ဖြစ်မည့် အန္တရာယ်မှ ကင်းဝေးရန် အိန္ဒိယပြည်နယ်ခြောက်ခု၌ ထိုအချိုရည်များ ထုတ်လုပ်မှုကို တားမြစ်လိုက်သည်။

ဩဂုတ် ၂၃။ – နာဆာသည် ကမ္ဘာမှ ၃၈၃၀၂၅ ကီလိုမီတာ ဝေးကွာသောလသို့ စက်ရုပ်များစေလွှတ်တော့မည်ဖြစ်ကြောင်း၊ ထို့အတူ အာကာသယာဉ်မှူးများကိုလည်း စေလွှတ်ရန်စီစဉ်လျက်ရှိကြောင်း၊ ယင်းအစီအစဉ်မှာ လာမည့် ၂၀၀၈ ခုနှစ်တွင် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း နာဆာမှ သတင်းထုတ်ပြန်သည်။

– အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုတွင် အစ္စရေးတို့က စစ်စရိတ် **စုစုပေါင်း ကုန်ကျငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၁ ဘီလီယံခန့်ရှိပြီး ဟစ်ဇ်ဘိုလာတို့က ဒေါ်လာတစ်ဘီလီယံအောက်များစွာ လျော့နည်းခဲ့ကြောင်း၊ စစ်ပွဲတွင်အစ္စရေးတပ်ဖွဲ့ဝင် ၁၅၉ဦး သေဆုံးပြီး ဟစ်ဇ်ဘိုလာတို့ ၅၀၀ ခန့် သေဆုံးကြောင်း၊ လက်ဘနွန် ပြည်သူ ၈၈၀သေဆုံးပြီး ၂၀၀ ခန့် ပျောက်ဆုံးနေဆဲဖြစ်ကာ လက်ဘနွန်ပြည်သူတစ်သန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်ဟု** ကုလသမဂ္ဂက ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။



– **ကမ္ဘာပေါ်တွင် လူနေမှုစရိတ် အကြီးမားဆုံး မြို့များမှာ အော်စလိုနှင့်လန်ဒန်မြို့များ ဖြစ်ပြီး အော်စလိုမြို့** (ယာပုံ) **သည် ၂၀၀၅ ခုနှစ်မှစတင်ကာ ကမ္ဘာ့ စရိတ်အကြီးမားဆုံးမြို့ အဖြစ်** ဆက်တိုက် ရပ်တည်လာသည့် မြို့ ဖြစ်ကြောင်း၊ အာရှတွင် နေထိုင်မှုစရိတ် အနည်းဆုံးမြို့များမှာ ကွာလာလမ်ပူနှင့် မွမ်ဘိုင်းမြို့တို့ဖြစ်ကြောင်း ဆွစ်ဇာလန်နိုင်ငံက ထုတ်ပြန်သော သတင်းတစ်ရပ်၌ ဖော်ပြသည်။

ဩဂုတ်။ ၂၄ – **အနောက်နိုင်ငံများအနေဖြင့် အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်ကိုရပ်တန့်ရန် မက်လုံး** ပေးခြင်း၊ ဆွဲဆောင်ခြင်း၊ အကျပ်ကိုင် ဖိအားပေးခြင်းများ မပြုလုပ်ရန်နှင့် ထိုသို့ပြုလုပ်ခြင်းကြောင့် တစ်စုံတစ်ရာ အကျိုးထူးမည်မဟုတ်ကြောင်း၊ မိမိတို့အနေဖြင့်လည်း နျူကလီးယား အစီအစဉ်ကို ရပ်တန့်မည်မဟုတ်ကြောင်း အီရန် ဝါရင့်ခေါင်းဆောင် အယာတိုလာခိုမေနီက ပြောကြားလိုက်သည်။

– ဂျပန်နိုင်ငံ ဟွန်ဒါကုမ္ပဏီအနေဖြင့် လာမည့် ၂၀၁၀ ပြည့်နှစ်၌ ဟွန်ဒါဂျက်လေယာဉ်များ စတင်ထုတ်လုပ်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။ **လောလောဆယ်အချိန်၌ ဟွန်ဒါဂျက်လေယာဉ်အငယ်စားများကို စတင်စမ်းသပ်ထုတ်နေပြီဖြစ်ရာ ဟွန်ဒါကုမ္ပဏီ ထူထောင်ခဲ့သည့်သမိုင်းတွင် ပထမဆုံး စွန့်စားတီထွင်ထုတ်လုပ်ခြင်းဖြစ်သည်။**

– ကမ္ဘာ့အပူချိန်သည် ယခုရာစုနှစ်၌ ၁ ဒသမ ၄ ဒီဂရီမှ ၇ ဒသမ ၈ ဒီဂရီ ဆဲလ်စီးယပ်အထိ မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းထားရာ ကမ္ဘာတစ်ဝန်း၌ ယခုအပူချိန်မြင့်တက်မှု အနေအထားသည် အစမျှသာရှိကြောင်း ကုလသမဂ္ဂ၏ နိုင်ငံတကာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာအဖွဲ့က **သတင်းထုတ်ပြန်လိုက်သည်။**

ဩဂုတ် ၂၅။ – နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ လွှတ်တင်မည့် အတ္တလန်တစ်အာကာသလွန်းပြန်ယာဉ်နှင့် လိုက်ပါသွားမည့် အာကာသယာဉ်မှူးများ ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသယာဉ် **လွှတ်တင်ရေးစခန်းသို့ ရောက်ရှိလာပြီဖြစ်သည်။ အာကာသယာဉ်မှူးများသည် အာကာသခရီးစဉ်** အတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း နာဆာက သတင်းထုတ်ပြန်သည်။

– **အမေရိကန်နိုင်ငံတွင် အမျိုးသမီးငယ်များ မူးယစ်ဆေးဝါး သုံးစွဲမှုသည် ယောကျ်ားလေးများထက်** ပိုမိုများပြားလျက်ရှိရာ စာရင်းဇယားများအရ မူးယစ်ဆေးဝါးသုံးစွဲသူ အမျိုးသမီးငယ် ၁၄ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး ယောကျ်ားလေး ၁၂ ဒသမ ၅ ရာခိုင်နှုန်းရှိနေကြောင်း အမျိုးသား မူးယစ်ဆေးဝါးဆိုင်ရာ မူဝါဒဌာနက သတင်းထုတ်ပြန်သည်။

ဩဂုတ် ၂၆။ – အင်ဒိုနီးရှားနိုင်ငံသည် ရေနံပိုမိုထုတ်လုပ်နိုင်ရန်အတွက် နိုင်ငံအတွင်းရှိ ရေနံအစမ်းတွင်း ၃၃ တွင်းကို နိုင်ငံတကာမှ ကုမ္ပဏီများအား ယခုရက်ပိုင်းအတွင်း လေလံပစ်ပေးသွားမည်ဖြစ်ကြောင်း၊ လေလံစနစ်ဖြင့် ရေနံလုပ်ကွက်များကိုပေးအပ်မှုသည် အောက်တိုဘာ ၁၁ ရက်တွင် အပြီးသတ် **ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။**

– ကမ္ဘာဆီသို့ ဦးတည်ရွေ့လျားနေသောဂြိုဟ်ပဲ့များကို လေ့လာစောင့်ကြည့်သုတေသနပြုနေသော **နာဆာအာကာသလေ့လာရေးသိပ္ပံပညာရှင်များက ၁၉၀၈ ခုနှစ်က ဆိုက်ဘေးရီးယားဒေသတွင်** ဂြိုဟ်ပဲ့တစ်ခု ကမ္ဘာဂြိုဟ်ကို ဝင်တိုက်ခဲ့ကြောင်း၊ ထိုသို့ဝင်တိုက်မိသည့်အားသည် ၁၅မဂ္ဂါတန် အဏုမြူဗုံးတစ်လုံး ကျရောက်ပေါက်ကွဲမှုပြင်းအားနှင့် တူညီကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ဩဂုတ် ၂၇။ – **နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ လွှတ်တင်မည့် အတ္တလန်တစ် အာကာသလွန်းပြန်ယာဉ်** (ယာပုံ) **ကို ရာသီဥတုကောင်းမွန် ခြင်းမရှိသဖြင့် လွှတ်တင်မည့် အချိန်ရွှေ့ ဆိုင်းရန် နာဆာက ဆုံးဖြတ်လိုက်သည်။**



(ကိုးကား–အင်တာနက်)

# အင်ဒိုနီးရှားထုတ်ကုန်ပစ္စည်းများပြပွဲ ဖွင့်ပွဲကျင်းပ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်

ရန်ကုန် ဩဂုတ် ၂၇

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံးတို့က ပူးပေါင်းစီစဉ်ကျင်းပသည့် အင်ဒိုနီးရှားထုတ်ကုန်ပစ္စည်းပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ၌ ကျင်းပသည်။**

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Wyoso Prodjowarsito က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက ဖဲကြိုးဖြတ်၍ အင်ဒိုနီးရှားထုတ်ကုန်ပစ္စည်းများပြပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် Indonesian International School, Yangon မှ ကျောင်းသူကလေးများက အင်ဒိုနီးရှား ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် တင်ဆက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ သံအမတ်ကြီးများနှင့် UMFCCIဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ တက်ရောက်ကြသူများသည် အင်ဒိုနီးရှားထုတ်ကုန်ပစ္စည်းများ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

### လေ့လာဝယ်ယူနိုင်

အဆိုပါပြပွဲတွင် အင်ဒိုနီးရှား သမ္မတနိုင်ငံမှ အထည်အလိပ်နှင့် အဝတ်အထည်ပစ္စည်းများ၊ လက်မှုပစ္စည်းများ၊ ကျောက်မျက်ရတနာပစ္စည်းများ၊ လက်ဖက်ခြောက်၊ ကော်ဖီ၊ စားသောက်ကုန်ပစ္စည်းများ၊ ကြိမ်နှင့်ပရိဘောဂပစ္စည်းများ၊ ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများ၊ စက်ကိရိယာပစ္စည်းများ၊ အလှကုန်၊ လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးကျွမ်းကျင်မှုဆိုင်ရာပစ္စည်းများ၊ ခရီးသွားလုပ်ငန်းနှင့် လေကြောင်းလိုင်းဆိုင်ရာ ပြခန်းတို့ကို ပြသထားသည်။ ယင်းပြပွဲကို ဩဂုတ် ၂၈ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ၆နာရီအတွင်း ဖွင့်လှစ် ပြသမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

၂၈–၈–၂၀၀၆ရက်
(တနင်္လာနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၅ ၇။ အဆိုပြိုင်ပွဲ
၈:၂၅ ၈။ မံဆောင်းတံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Grammar made Easy

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇:၁၀ ၆။ အကပဒေသာ
၁၇:၂၀ ၇။ မြန်မာစာ မြန်မာစကား
၁၇:၃၀ ၈။ အတီးပြိုင်ပွဲ
၁၇:၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇:၄၀ ၁၀။ **“သတိတစ်ချက် တစ်သက်အမှား”** ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင် (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၁၇:၅၀ ၁၁။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈:၀၀ ၁၂။ ညနေခင်းသတင်း
၁၈:၃၀ ၁၃။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၄။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **“တောတွင်းသားငယ်လေး”** (အပိုင်း–၃)
၁၈:၅ ၁၅။ **“မောင်မြန်မာလှျပ်စစ်စက်ဘီး”** ရီဝေယံ၊ စောနိုင်(ရှမ်းပြည်)၊ ပုလဲဝင်း (ဒါရိုက်တာ–တင်အောင်ရွှေ–သုတေသီ)
၁၉:၀၀ ၁၆။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) [အခြေခံပညာ ၁၀–၁၅နှစ်] (အမျိုးသား)
၁၉:၁၅ ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ရှုလိုင်နံနက်ခင်း”** (အပိုင်း–၂၁)
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်သူ့အိပ်မက်လှလှ”** (အပိုင်း–၂၃)

**အမှတ် ၇(စီ) စံပယ်ခြံ ၁ လမ်း လှည်းတန်း ကမာရွတ်မြို့နယ်နေ ဦးမင်းသွင်–ဒေါ်မျိုးသီတာ၊ မြေး အောင် မိသားစုက ဗဟန်းမြို့နယ် ဓိဝိတ ဒါနသံဃာ့ဆေးရုံကြီး ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံစဉ်။** (က–ပ)



✡ **ရှေ့ဖုံးမှ**

## ရှင်သန်ဖြစ်ထွန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်တို့ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာရာ မွန်းလွဲ၁နာရီတွင် မြစ်ကြီးနားလေတပ်စခန်းဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းသို့ ရောက်ရှိကြပြီး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသည့်ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးရာ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်ထွန်းက အပင်များ ရှင်သန်ဖြစ်ထွန်းမှုနှင့် အသီးသီးရန် အပွင့်များ စတင်ပွင့်နေမှုကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် စိုက်ခင်း ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်ထွန်းက စိုက်ဧက ၁၀၀ အတွင်း ခြံစည်းရိုးကြက်ဆူမျိုးစေ့ပင်နှင့်ပျိုးကိုင်းများ ဘီပီအင် ၂၄ အမျိုးအစားရော်ဘာဧက ၃၀၊ အပင် ၆၀၀၀ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်နှင့် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဝင်းမြင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

## မှတ်တမ်းတင်ဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရာတွင် စိုက်ပျိုးသည့် အချိန်ကာလ၊ မျိုးစေ့ပင်နှင့် ပျိုးကိုင်းပင်တို့၏ ရှင်သန်ဖွံ့ဖြိုးမှုနှင့် စံကွက်ထား၍ အသီးဖြစ်ထွန်းထွက်ရှိမှုကို မှတ်တမ်းတင်ဆောင်ရွက်ရန်နှင့် ရော်ဘာပင်များ ရှင်သန်ဖွံ့ဖြိုးအောင် လိုအပ်သည့် မြေဩဇာများ အသုံးပြုစိုက်ပျိုးရန် မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် စိုက်ခင်းအတွင်း အောင်မြင်ဖြစ် ထွန်းလျက်ရှိသည့် ကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များ၏ ခြံစည်းရိုးကြက်ဆူပင်များ ပေါင်းသင် ဆောင်ရွက်နေမှုကို ကြည့်ရှု အားပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့နယ် လွဲခါကျေးရွာ အနီးရှိ ဦးကရိုင်လဆန်နှင့် ဦးရှဒေါင်ဘရန်နူးတို့၏ ပုဂ္ဂလိကကျွန်းစိုက်ခင်း ဧက ၁၅၀၀သို့ ရောက်ရှိကြရာ စိုက်ခင်း ရှင်းလင်းဆောင်၌ ခြံပိုင်ရှင် ဦးကရိုင်လဆန်က ခြံဧရိယာနှင့် မြေ အသုံးပြုမှု၊ စိုက်ပျိုးထားသည့် အပင်အမျိုးအစားနှင့် အရေအတွက်၊ ကျွန်းပင်များ ပျိုးထောင်ထားရှိမှုနှင့် စိုက်ပျိုးသည့် နည်းစနစ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ သစ်တောဦးစီးဌာန သဘာဝတောနှင့် စိုက်ခင်းလုပ်ငန်း ညွှန်ကြားရေးမှူး ဦးဇော်ဝိတ်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များ မှာကြားပြီး စိုက်ခင်းများအတွင်းကျွန်းပင်ပေါက် လေးသိန်း ပျိုးထောင်စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ပျဉ်းကတိုးပင်ဧက ၃၀ စိုက်ပျိုးပြီးစီးမှုကို လည်းကောင်း၊ ဧက ၄၂၀အတွင်း ကျွန်းပင်များ စိုက်ပျိုးထားရှိမှု အခြေအနေကိုလည်း ကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## ပျိုးထောင်စိုက်ပျိုး

အဆိုပါပုဂ္ဂလိက ကျွန်းစိုက်ခင်း ဧက၁၅၀၀တွင် ကျွန်းစိုက်ခင်းဧက ၄၂၀၌ အပင်၂၅၂၀၀၀၊ ပျဉ်းကတိုး စိုက်ခင်းဧက၃၀၌ အပင်၁၈၀၀၀ အပါအဝင် စုစုပေါင်းစိုက်ဧက၄၅၀၌ အပင်ပေါင်း ၂၇၀၀၀၀ကို စိုက်ပျိုးပြီးစီးနေပြီဖြစ်ပြီး ၂၀၀၇ခုနှစ်တွင် ကျွန်းစိုက်ခင်း ဧက ၅၀၀ ထပ်မံတိုးချဲ့ စိုက်ပျိုးရန်အတွက် ပျိုးပင် လေးသိန်းကိုလည်း ပျိုးထောင်စိုက်ပျိုးထားကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့နယ် ရှဒေါင်ကျေးရွာရှိ ၁၉၉၅ ခုနှစ်တွင် စတင်စိုက်ပျိုးခဲ့သည့်ဧက ၁၅၀၀အောင်မြေရော်ဘာခြံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ခြံမန်နေဂျာ ဦးချစ်ရွှေနှင့် ခြံလုပ်ငန်းရှင် ဦးကျော်မြင့်တို့က ရော်ဘာစိုက်ပျိုးမည့်ဧက၁၅၀၀တွင် ၆၃၅ဧကစိုက်ပျိုးပြီးစီးမှု၊ စိုက်ပျိုးထားသည့်ပျိုးပင် အမျိုးအစားနှင့် ရော်ဘာထုတ်လုပ်ရောင်းချမှု၊ ရော်ဘာအထွက်နှုန်းတို့ကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်မန်နေဂျာဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားပြီး ရှင်းလင်းဆောင် အနီးခင်းကျင်းပြသထားသည့် RRIM-600၊ RRIM-623နှင့် GT-1အမျိုးအစား ရော်ဘာမျိုးစေ့များနှင့် ခရမ့် (Crumb)ရော်ဘာကြိတ်ပြားများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကျေးရွာရှိ ရော်ဘာ စိုက်ပျိုးရေးခြံ လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ရော်ဘာ စိုက်ပျိုးရာတွင် မျိုးကောင်း မျိုးသန့်များကို ရွေးချယ်၍ စနစ်တကျ စိုက်ပျိုးကြရန်နှင့် မိမိအတွက်လည်း အကျိုးရှိ၊ ဒေသအတွက်လည်း အကျိုးပြုမည့် ရော်ဘာပင်များကို ယခုထက်ပိုမို တိုးမြှင့်စိုက်ပျိုးကြစေလိုကြောင်း ဖြင့် တိုက်တွန်းမှာကြားပြီး ရော်ဘာပင်မှ ရော်ဘာစေး ထုတ်ယူမှုကိုကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် အောင်မြေရော်ဘာခြံ၏ရော်ဘာပင်များကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးရာခြံလုပ်ငန်းရှင်ဦးကျော်မြင့်က လိုက်လံရှင်းလင်းပြသသည်။

## အပြည့်အဝစိုက်ပျိုး

အဆိုပါ အောင်မြေရော်ဘာခြံ၏ စိုက်ပျိုးပြီးဧက ၆၃၅ ဧကရှိ အပင်ပေါင်း ၂၂၀၀၀မှ ရော်ဘာစေးများ ထုတ်ယူလျက်ရှိရာ ရော်ဘာ အထွက်နှုန်းမှာ တစ်ဧကလျှင် ပေါင် ၈၀၀ နှုန်းခန့် ထွက်ရှိကြောင်းနှင့် စိုက်ပျိုးရန် ကျန်မြေများကို သတ်မှတ်ချိန်အမီ အပြည့်အဝ စိုက်ပျိုးနိုင်ရန် ပျိုးပင်များ ပျိုးထောင်ပြီးစီးနေပြီး ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဆက်လက်ထွက်ခွာလာရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

**ရန်ကင်း ပြည်သာယာ(ကျိုက္ကဆံ စူပါဝမ်း တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် ဘောက်ထော် ပြည်သာယာ ဂီတမာလာလမ်းနေ ဦးမင်းဆွေ(တရားရုံးချုပ်ရှေ့နေ)-ဒေါ်တင်တင်အုန်း မိသားစုတို့က အာယုဒါန အလှူတော်ငွေ ကျပ်တစ်သိန်းငါးသောင်းလှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော်က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။** (က-ပ)





**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ဖခင် ဦးအောင်သိန်းနှင့် မိခင် ဒေါ်သိန်းကြည်တို့အား အမှူးထား၍ အမှတ် V-၁၅၆ အခန်း ၅၉ ၄၆လမ်း အမှတ်(၁၀)ရပ်ကွက် ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့နေ ဦးလွမ်းပြေနှင့် ဒေါ်ခင်မျိုးမြင့်မိသားစုက အလှူငွေ ကျပ်တစ်သိန်းကို ရန်ကုန်တိုင်းစမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော်အရှင်ဝိနယထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် မိခင်ကြီး ဒေါ်စန်းရီနှင့် သားကိုကြီး၊ ကိုလတ်တို့အားရည်စူး၍ ပဲခူးတိုင်း ဖြူးမြို့ ၁ လမ်းနေ ဦးကျော်ငွေနှင့် သားသမီးများ မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝိနယထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

# မြန်မာ-အင်ဒိုနီးရှား စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသံရုံးတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

## ကြိုဆိုနှုတ်ခွန်းဆက်

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆို နှုတ်ခွန်းဆက် စကား ပြောကြားပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှား သံမှူးနိုင်ငံ သံအမတ်ကြီး H.E.Mr. Wyoso Prodjowarsito က အမှာစကားပြောကြားသည်။

ယင်းနောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ ကုန်သည် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ Mr. Thomas Hartono က အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် စီးပွားရေးကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အသင်းချုပ် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ အမှုဆောင်များနှင့် လည်းကောင်း မိတ်ဆက်ပေးကြသည်။

## ဆွေးနွေး

ထို့နောက် Bandung Investment Board မှ Ms. Dewi Kania Savi က ဘန်ဒေါင်းမြို့၌ ရေသန့်လုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေး၊သိပ္ပံနှင့် နည်းပညာဆိုင်ရာ ခရီးသွားလုပ်ငန်းများ၊ ဓာတ်မြေဩဇာ၊ ပရဆေးပစ္စည်းများ၊ ကြိမ်နှင့်လက်မှုလုပ်ငန်းဆိုင်ရာ လာရောက်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များက စီးပွားရေးဆိုင်ရာများ ဆွေးနွေးကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင် **(ဓဲပုံ)**က နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**




# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး အဆို၊အက၊အတီး၊အငြိမ့်၊ပြဇာတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

**ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ဝင်များ၏ ဆဋ္ဌမအကြိမ် အဆို၊အက၊ အတီး၊အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၅ ရက်နံနက် ၇ နာရီခွဲ တွင် မန္တလေးမြို့ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲရှိ ကဇာတ်ခန်းမ၌ ကျင်းပသည်။**

အဆိုပါအခမ်းအနားသို့ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်၊ ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တပ်မှူးများ၊ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) နှင့် အနုပညာဦးစီးဌာန (မန္တလေး) တို့မှ အနုပညာရှင် အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင် စစ်သည်/စစ်သမီးများ၊ ဖိတ်ကြားထားသူများနှင့်အနုပညာဝါသနာရှင်များ တက်ရောက်ကြသည်။

## အမှာစကားပြောကြား

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦးက အမှာစကားပြောကြားသည်။

## ပေးအပ်ချီးမြှင့်

ဆက်လက်၍ ပြိုင်ပွဲ များအလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများနှင့် အဖွဲ့လိုက်ဆုရရှိသူများကို တာဝန်ရှိသူများက လည်းကောင်း၊ အကောင်းဆုံးဆုရရှိသူ များနှင့် တံခွန်စိုက်ဆုရရှိသော အမှတ်(၃)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲအား ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦးက လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

## ဂုဏ်ပြုလက်ဆောင်ပေး

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦးက အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း လှိုင်သာယာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၄ တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်တစ်ဦးထံမှ ဆွမ်းပဒေသာပင်အတွက် လှူဒါန်းငွေများကို လက်ခံစဉ်။** (သတင်းစဉ်)

■ *ကျောဖုံးမှ*

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ လှိုင်သာယာမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပညာရာမိက ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညာဇောတထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆရာတော်ကြီးအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

**လှူဖွယ်ပစ္စည်းဆက်ကပ်**

ယင်းနောက် တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆက်လက်၍ သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲများကိုတပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်၊ ဧရာဝတီ ရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဌေးနိုင်နှင့် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဆွေလင်းတို့က ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

**ဆန်၊ ဆီ၊ ဆားလှူဒါန်း**

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အမှတ်(၉) ရပ်ကွက် တစ်ဆုပ်ဆန်လှူအသင်း၊ အမှတ်(၁၉)ရပ်ကွက် စေတနာရှင်ပြည်သူများ၊ အမှတ်(၁၃)ရပ်ကွက် စေတနာရှင်ပြည်သူများ၊ အမှတ်(၅) ရပ်ကွက် စေတနာရှင်ပြည်သူများ၊ အမှတ်(၂၀)ရပ်ကွက် စေတနာရှင်ပြည်သူများ၊ အဏ္ဏဝါလွှမ်းကုမ္ပဏီလီမိတက်၊ FAME ဆေးဝါးထုတ်လုပ်ရေး၊ ဘုတ်ဆုံမငရုတ်သီးမှုန့် ရောင်းဝယ်ရေး၊ ထွန်းရွှေဝါဆေးတိုက်၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ အသင်းတို့နှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုက ငွေကျပ်၁၅၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၁၅၀၀၀၀၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သိန်း၊ လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သုံးသိန်း၊ လှိုင်သာယာမြို့နယ် စက်မှုမြို့ စီမံခန့်ခွဲရေးကော်မတီ၊ ဦးအောင်နိုင် (မန်နေဂျင်းဒါရိုက်တာ၊ ဝင်းဝင်းဖယောင်းတိုင်)နှင့် ဦးဌေးရှင် (မြန်မာစတီးလ်လီမိတက်၊ အိမ်မိုးသွပ်ပြားထုတ်လုပ်ရေးလုပ်ငန်း)တို့က ငွေကျပ် ၁၀ သိန်းစီ၊ ဦးရန်ဟော် (AMC Construction)၊ ရွှေသံလွင်ကုမ္ပဏီ လီမိတက်နှင့် ဦးအောင်ကျော်ထူး- မခင်မာနိုင် (ငါးရှဉ့်လုပ်ငန်း၊ လှိုင်သာယာ)တို့က ငွေကျပ် ငါးသိန်းစီ၊ (ဦးသိန်းမောင်)- ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၀၃၀၀၀၊ ဦးဇော်ဝိတ်- ဒေါ်စုစုအေး မိသားစု (Fisca Enterprise)၊ ဦးသိန်းဟန် (တိုကျိုပိုက်) မြန်မာပိုက်ကုမ္ပဏီလီမိတက်၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမ ငရုတ်သီးမှုန့်ရောင်းဝယ်ရေးလုပ်ငန်း)၊ ဦးကျော်အောင် (BENHUR Trading Co., Ltd.)၊ ဒေါ်ဝိုင်းဝိုင်းနွဲ့ (ဒါရိုက်တာ၊ Golden Lion Wire Co., Ltd.)၊ လှိုင်သာယာမြို့နယ်ဆီလုပ်ငန်းရှင်များ၊ ဦးသန်းစိုး၊ ဦးမောင်လှနှင့် ဦးတင်ဝင်း-ဒေါ်စန်းစန်းဝင်းတို့က ငွေကျပ် သုံးသိန်းစီ၊ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့် (BTB Co., Ltd.)၊ ဒေါ်အေးမြနွယ် (ပုဂံဟိုတယ်)၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် လှိုင်သာယာမြို့နယ် တည်းခိုခန်းလုပ်ငန်းရှင်များတို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီ)နှင့် လှိုင်သာယာမြို့နယ် ပညာရေးမိသားစုတို့က ငွေကျပ်၁၅၀၀၀၀စီ၊ ဦးတင်လှ (ကင်းမဲလ်ကုမ္ပဏီ)နှင့် အမှတ်(၇)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် စေတနာရှင်ပြည်သူများက ငွေကျပ်၁၁၀၀၀၀စီ အပါအဝင် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။



**ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်လေးတိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ လှူဒါန်းသော ဆန်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို မိသားစုများကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်၊ ဧရာဝတီ ရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဌေးနိုင်နှင့် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကျော်တို့ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။**(သတင်းစဉ်)

**ရှင်းလင်းလျှောက်ထား**

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာအောင်မြေရိပ်သာ ကျောင်းတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတထံမှ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကေသရမှ ပရိသတ်များက အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် သုဓမ္မစာရီဝတ်အဖွဲ့က အရပ်၁၀မျက်နှာမေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှိုင်သာယာမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ယနေ့လှူဒါန်းသည့် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် အိတ်၄၈၀ ၁၈ပြည်၊ ဆီ ၁၅၂ ပိဿာ၊ အိုင်အိုဒင်းဆား ၁၄၅၆ ပိဿာ၊ ဆပ်ပြာအတောင့် ၁၄၃၀၊ သွားတိုက်ဆား ၂၈၆ ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ဘူး ၂၉၆၀၊ ပဲ ၂၈၆ ပိဿာနှင့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၃၉၇၃၀၀၀ ဖြစ်သည်။

**ကြည့်မြင်တိုင်မြို့နယ်**

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် လေးတိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်ရှိ သာဓုပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် လေးတိုက်မှ ပဓာနနာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်ကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

**ငါးပါးသီလခံယူဆောက်တည်**

ရှေးဦးစွာ ကြည့်မြင်တိုင်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဥဂ္ဂံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆရာတော်ကြီးအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲတို့ကို တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်၊ ဧရာဝတီ ရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဌေးနိုင်နှင့် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ကျော်တို့က ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

**လှူဖွယ်ပစ္စည်းများဆက်ကပ်**

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ အိုကေ ဆန်ပွဲရုံ၊ စန္ဒီပရဆေး၊ ကျော်တိုင်းရင်းဆေး၊ အာရှကြီးပွားတိုးတက်ရေး ထုတ်ကုန်သွင်းကုန်ကုမ္ပဏီလီမိတက်၊ သီရိကုဋေကြွယ်ကုမ္ပဏီ၊ မှန်ချိုဆေးတိုက်၊ ထွန်းရွှေဝါဆေးတိုက်၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ငွေကျပ်၄၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၄၀၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၂၀၀၀၀၀၊ သီရိသုဓမ္မ မဏိဇောတရေ ဦးအောင်ဝင်း-ဒေါ်စန်းစန်းနု မိသားစုက ငွေကျပ်ငါးသိန်း၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)က ငွေကျပ်၃၀၃၀၀၀၊ သာဓုပရိယတ္တိစာသင်တိုက် ဂေါပကအဖွဲ့၊ စလင်းကျောင်းတိုက် ဓာတ်မီးပူဇော်ရေးအသင်း၊ ဦးထွန်းဝင်း(ဦးအာဝါး မိသားစု) စံပြရွှေငါးကုမ္ပဏီနှင့် ဦးညွန့်ဌေး-ဒေါ်နီလာရွှေမိသားစု (ကြာငါးခိုင် သင်္ကန်းတိုက်)တို့က ငွေကျပ်သုံးသိန်းစီ၊ စံပြငါးဈေး သာယာရေးအလုပ်အမှုဆောင်အဖွဲ့က ငွေကျပ် ၂၅၀၀၀၀၊ ဦးရဲအောင်-ဒေါ်လှဲ့လှဲ့ဝင်း (သီရိကုဋေကြွယ်ကုမ္ပဏီ၊ ကြက်ဆူစိုက်ပျိုးရေး)က ငွေကျပ် ၂၀၆၀၀၀၊ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့် (BTB ကုမ္ပဏီ)၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးမြတ်နွယ်(ပုဂံဟိုတယ်)၊ ဦးတင်ဝင်း-ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့ KNကုမ္ပဏီ)၊ ကျောင်းကြီးတိုက် ဓာတ်မီးပူဇော်ရေးအသင်း၊ ပြည်လုံးချမ်းသာစာသင်တိုက် ဂေါပကအဖွဲ့နှင့် သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းရီ(ပုဂံပြည်သား)တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးစိုးသိန်း-ဒေါ်ခင်စန်းရီ (ဗဟိုစံပြငါးဈေးကြီး)နှင့် သီရိမင်္ဂလာဈေး သာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့တို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ မြို့နယ် ဆီကိုယ်စားလှယ်များနှင့် ဆီကုန်သည်များက ငွေကျပ် ၁၁၂၅၀၀၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာအင်တာပရိုက်ကုမ္ပဏီ လီမိတက်)နှင့် ဦးတင်လှ (CAMEL International Co.,Ltd.) တို့က ငွေကျပ်၁၁၀၀၀၀စီ အပါအဝင် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

**အမျှပေးဝေ**

ယင်းနောက် ကြည့်မြင်တိုင်မြို့နယ် မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဥဂ္ဂံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရား နာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသူလေးများ ဝတ်အဖွဲ့က အရပ်၁၀ မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်မြင်တိုင်မြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များသို့ ယနေ့လှူဒါန်းသည့် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၁၇၂ အိတ် ၁၂ပြည်၊ ဆီ ၄၈ ပိဿာ ၄၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၄၈၄ ပိဿာ၊ တိုင်းရင်းဆေးမျိုးစုံ ၃၂၃၄ ဘူး၊ ပဲ ၉၆ ပိဿာ ၈၀ ကျပ်သား၊ သွားတိုက်ဆား ၉၇ ဘူးနှင့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၇၀၈၂၅၀၀ ဖြစ်သည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကြီးမှူး ဒလမြို့နယ်ပြည်သူ့ဆေးရုံ သန့်ရှင်းရေးဆောင်ရွက် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲနှင့် ဆေးပဒေသာပင်လှူဒါန်း



ရန်ကုန် ဩဂုတ် ၂၇

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ပြည်သူ့ဆေးရုံ သန့်ရှင်းရေးလုပ်အားပေးပွဲ၊ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲနှင့် ဆေးပဒေသာပင် လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီက ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ပြည်သူ့ဆေးရုံ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်အားပေး ချီးမြှင့်သည်။**

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒလမြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်နီနီမူက သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ်နှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများစုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းနှင့် တာဝန်ရှိသူများသည် ဆေးရုံ သံဃာဆောင်ရှေ့၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးကြသည်။

ထို့နောက် အခမ်းအနားကို ဆေးရုံခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က အခမ်းအနားကျင်းပရခြင်းနှင့် အဖွဲ့ချုပ်၏လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

## ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းက ဆေးရုံဆေးပဒေသာပင်အတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ငွေကျပ်နှစ်သိန်းကို ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာစိုးမြတ်ထွန်းထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ်နှစ်သိန်းစီ၊ ဗိုလ်မှူးချုပ်စည်သူတင်ဖေ (အငြိမ်းစား)–ဒေါ်သိန်းဆိုင် မိသားစုနှင့် အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ဆယ် မိသားစုတို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် အလှူရှင်များက အလှူငွေကျပ် စုစုပေါင်း၃၅သိန်းကို ပေးအပ်လှူဒါန်းကြရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ စိုးမြတ်ထွန်း၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် ဒလမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်နီနီမူတို့က လက်ခံကြသည်။

ယင်းနောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ဒလမြို့နယ် ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးဝါးကုသမှုခံယူနေကြသည့် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး ဆေးရုံရှိ လူနာများအား ထောက်ပံ့ငွေများ လိုက်လံပေးအပ်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဒလမြို့နယ် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ သားဖွားခန်းရှိ ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆားနှင့် ကိုယ်ဝန်ဆောင် အားဆေးများကိုလည်းကောင်း၊ မွေးလူနာများအား ထောက်ပံ့ငွေများကို လည်းကောင်း မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ နေ့ကလေးထိန်းကျောင်း(မူကြို)ရှိ ကလေးငယ်များအား စားစရာများကိုလည်းကောင်း ဝေငှပေးအပ်ပြီး ဆေးစိမ်ခြင်ထောင်များ ပေးအပ် လှူဒါန်းကာ ကလေးငယ်များအား အာဟာရတိုက်ကျွေးနေမှုကို ကြည့်ရှုသည်။

ထို့နောက် ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌသည် ဒလမြို့နယ် သီရိဖေယျနော်ရထာခန်းမ၌ ရန်ကုန်တောင်ပိုင်းခရိုင် ဆယ်အိမ်စုဝင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များအား တွေ့ဆုံ အမှာစကားပြောကြားပြီး ရာသက်ပန်အသင်းဝင် အဆိုပြုလွှာစောင်ရေ ၁၀၀၀ကို လက်ခံရယူသည်။

## ဆောင်ရွက်ချက်

ယင်းနောက် ဒလမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်မြင့်က အသင်း၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## မိသားစုစကားဝိုင်း

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြို့နယ်အတွင်းရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့်အတူ မိသားစုစကားဝိုင်းအသွင်ဖြင့် မိခင်နှင့်ကလေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



**ဒလမြို့နယ် ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းငွေကျပ်နှစ်သိန်းကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## * ရှေ့ဖုံးမှ

ပထမပိုင်း၌ မလေးရှားအသင်းက ပယ်နယ်တီတစ်ဂိုးဖြင့်နိုင်နေပြီး မြန်မာအသင်းက ဒုတိယပိုင်း၌ နှစ်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၅၂မိနစ်တွင် ကျော်သူရကလည်းကောင်း၊ ၆၁မိနစ်တွင် စိုးမြတ်မင်းကလည်းကောင်း သွင်းယူခဲ့ခြင်းဖြစ်သည်။

### ဗိုလ်လုပွဲတက်ပြီ

မြန်မာအသင်းသည် ပထမပွဲစဉ်၌ ထိုင်းအသင်းနှင့် နှစ်ဂိုးစီသရေ၊ ဒုတိယပွဲစဉ်၌ အင်ဒိုနီးရှားအသင်းနှင့် ဂိုးမရှိ သရေကျခဲ့ရာ ယနေ့ပွဲအနိုင်ရရှိသဖြင့် အုပ်စုပထမရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

### အင်ဒိုနီးရှားနိုင်

ယနေ့မြန်မာစံတော်ချိန် ညနေ၅နာရီက ပထမပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရာ အင်ဒိုနီးရှားအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ အင်ဒိုနီးရှားအသင်းသည် ပထမပွဲစဉ်၌ မလေးရှားအသင်းနှင့် တစ်ဂိုးစီသရေ၊ ဒုတိယပွဲစဉ်၌ မြန်မာအသင်းနှင့် ဂိုးမရှိသရေကျခဲ့ရာ ယနေ့ပွဲ အနိုင်ရရှိသဖြင့် အုပ်စုဒုတိယရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

### အုပ်စုပထမ

အုပ်စုပတ်လည်ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ မြန်မာအသင်းက သုံးပွဲကစား တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ငါးမှတ်ဖြင့် အုပ်စုပထမ၊ အင်ဒိုနီးရှားအသင်းက သုံးပွဲကစား တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ငါးမှတ်ဖြင့် အုပ်စုဒုတိယ ရရှိသည်။ မလေးရှားအသင်းက သုံးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်၊ ထိုင်းအသင်းက သုံးပွဲကစား တစ်ပွဲသရေ၊ နှစ်ပွဲရှုံး၊ တစ်မှတ်ရရှိပြီး ပြိုင်ပွဲမှ ထွက်သွားရသည်။

### ဗိုလ်လုပွဲ

**ဩဂုတ် ၂၉ရက် (အင်္ဂါနေ့) ဒေသစံတော်ချိန် ည၈နာရီ ၄၅မိနစ်**တွင် ဗိုလ်လုပွဲအဖြစ် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

## မုတ်သုံလေအားကောင်းမည်

ရန်ကုန် ဩဂုတ် ၂၇

**လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်း၌ နေရာကွက်ကျား၊ ရခိုင်ပြည်နယ်တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာခဲ့ကာ ပဲခူးတိုင်းတွင် ဒေသအလိုက် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။**

**ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။**

**ဩဂုတ် ၂၈ရက်ညနေအထိ ခန့်မှန်းချက်အရ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့၌ နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။**

**မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်ဟု သိရသည်။** (မြန်မာ့အလင်း)

## အသင်းများ၏ ရပ်တည်မှုအနေအထား

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | သွင်း | ပေး | ရမှတ် |
|---|---|---|---|---|---|---|---|
| မြန်မာ | ၃ | ၁ | ၂ | – | ၄ | ၃ | ၅ |
| အင်ဒိုနီးရှား | ၃ | ၁ | ၂ | – | ၂ | ၁ | ၅ |
| မလေးရှား | ၃ | ၁ | ၁ | ၁ | ၄ | ၄ | ၄ |
| ထိုင်း | ၃ | – | ၁ | ၂ | ၃ | ၄ | ၁ |

**(မြန်မာ့အလင်း)**

# အက်စ်တွန်ဗီလာအသင်း နိုင်ပွဲဆက် ချယ်လ်ဆီးအသင်း နိုင်ပွဲပြန်စနိုင်

သတင်းမြင်ကွင်း–မြင့်မောင်စိုး

**ရန်ကုန် ဩဂုတ် ၂၇**

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃) ပြိုင်ပွဲအဖြစ် အက်စ်တွန်ဗီလာအသင်းနှင့် နယူးကာဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အက်စ်တွန်ဗီလာအသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အက်စ်တွန်ဗီလာအသင်းသည် နည်းပြသစ် မာတင်အိုနေးလ်၏ နည်းစနစ်နှင့်အတူ ပရီမီယာလိဂ်တွင် အောင်ပွဲဆက်လျက်ရှိသည်။ ပွဲစပြီး သုံးမိနစ်မှာပင် ခရိတ်မိုးရ်က ဖွေဆော်ဦးဂိုး သွင်းယူခဲ့ခြင်းဖြစ်သည်။

ယင်းနောက်ပွဲချိန် ၃၈မိနစ်တွင် ပါဘလို အိန်ဂျယ်က အက်စ်တွန်ဗီလာအသင်းအတွက် ဒုတိယမြောက်အနိုင်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

### မျှော်လင့်ချက်ကုန်ဆုံး

နယူးကာဆယ်အသင်းမှ မကြာမီက စာချုပ်ခေါ်ယူလိုက်သော မာတင်မှာ ဒဏ်ရာရပြီး ထွက်ခဲ့ရသဖြင့် နယူးကာဆယ်တို့ မျှော်လင့်ချက်ကုန်ဆုံးစေခဲ့သည်။

အက်စ်တွန်ဗီလာအသင်း၏ သူဌေးသစ် လာနာသည် ပွဲအစမှာပင် အသင်းဥက္ကဋ္ဌ၏ နေရာကိုရယူလျက် ကြည့်ရှုအားပေးခဲ့သည်ကို တွေ့ရသည်။

ပွဲစပြီး သုံးမိနစ်အတွင်းမှာပင် အက်စ်တွန်ဗီလာအသင်းအတွက် ဖွေဆော်ဦးဂိုးကို ခရိတ်မိုးရ်က သွင်းပေးလိုက်၍ အသင်းပိုင်ရှင် လာနာ ဘဝင်ခိုက်သွားစေခဲ့သည်။

အက်စ်တွန်ဗီလာအသင်းသည် ပွဲအစမှာပင် ဘောလုံးပိုင်ဆိုင်မှုများပြီး နယူးကာဆယ်ကို ဖိထားနိုင်ခဲ့သည်။ နယူးကာဆယ်အသင်းမှ ပေါင် ၁၀သန်းဖြင့် စာချုပ်လိုက်သော မာတင်သည် နည်းပြ ဂလင်းရိုဒါက ပွဲထုတ်ခဲ့သော်လည်း ဒဏ်ရာရခဲ့သဖြင့် လူလဲကစားခဲ့ရသည်။

### ဘလက်ဘန်း–ချယ်လ်ဆီး

ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်းသည် ပွဲစဉ်(၂)တွင် မစ်ဒယ်ဘရော့အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် ပွဲစဉ်(၃)တွင် အီဝုဒ်ပတ်ခ်၌ ဘလက်ဘန်းအသင်းကို အနိုင်ရခဲ့သည်။

ချယ်လ်ဆီးနှင့် ဘလက်ဘန်းတို့သည် ပထမပိုင်းတွင် အပြန်အလှန် ဂိုးသွင်းယူရန် ကြိုးစားခဲ့ကြသော်လည်း ဂိုးမသွင်းနိုင်ဘဲရှိသည်။ ဒုတိယပိုင်းပြန်စသည်နှင့် ချယ်လ်ဆီးတို့ ပထမပိုင်းထက် တိုက်စစ်အရှိန်မြှင့်ကစားခဲ့သည်ကို တွေ့ရသည်။

ပွဲချိန်၄၇မိနစ်တွင် ဘလက်ဘန်း ဂိုးဧရိယာအတွင်း ဂျွန်တယ်ရီအား အင်ဒရီအူးဂျားက ကြမ်းတမ်းစွာကစားခဲ့မှုဖြင့် ဒိုင်လူကြီးက ပယ်နယ်တီ ပေးလိုက်သည်။ ယင်းပယ်နယ်တီကို ဖရန့်လမ်းပတ်က အမှားအယွင်းမရှိ ကန်သွင်းယူခဲ့သည်။

### ကာကွယ်ပေးနိုင်

ချယ်လ်ဆီးအသင်းအတွက် ဒုတိယမြောက်ဂိုးကို လူစားဝင်လာသူ ဒရော့ဘာက ပွဲချိန်၈၁မိနစ်တွင် သွင်းယူပေးခဲ့သည်။ ဘလက်ဘန်းတို့ ပွဲအစမှာပင် ဂိုးသွင်းခွင့်များရရှိရန် အကြိတ်အနယ်ကြိုးစားကစားခဲ့သည်။ သို့သော်လည်း တောင်အာဖရိကတိုက်စစ်မှူး ဘင်နီမက်ကာသီက ဘလက်ဘန်းအတွက် ချေပဂိုးသွင်းပေးရန် ကြိုးစားခဲ့သော်လည်း ချယ်လ်ဆီးဂိုးသမား ပီတာချက် ကာကွယ်ပေးနိုင်ခဲ့သည်။

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ပွဲအစမှာပင် အသစ်စာချုပ်ခေါ်ယူထားသော မိုက်ကယ်ဘောလက်နှင့် ခါလစ်ဘိုလာရုစ်ဇ်တို့အား ထည့်ကစားခဲ့သည်ကို တွေ့ရသည်။

ချယ်လ်ဆီးအသင်းသည် နိုင်ပွဲပြန်စနိုင်ခဲ့သော်လည်း ဘလက်ဘန်းအသင်းမှာ ယခုနှစ် ပရီမီယာလိဂ်တွင် ဒုတိယမြောက်အရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ ။ **(မြန်မာ့အလင်း)**



**ချယ်လ်ဆီးမှ မိုက်ကယ်ဘောလက် ဘလက်ဘန်း ဘက်သို့ ဤသို့ ထိုးဖောက်ကစားခဲ့သည်။** (ဓာတ်ပုံ–အင်တာနက်)

# စည်ပြောသံညံ့ညံ့ ကုန်းတောင်းရွာ အားမာန်

**မောင်ဝ (စိုက်ပျိုးရေး)**

ကုန်းတောင်းရွာသည် သာစည်မြို့နယ် အတွင်းရှိ ရွာကြီးတစ်ရွာ ဖြစ်သည်။ မိတ္ထီလာ–သာစည် ကားလမ်းမကြီးအတိုင်းသွားလျှင် မိတ္ထီလာမြို့မှ ခုနစ်မိုင်ခန့်၊ သာစည်မြို့မှ ခုနစ်မိုင်ခန့်အကွာတွင်ရှိသည်။ ရှေးအခါကပင် "ထီလာကောင်း ကုန်းတောင်း" ဆိုရိုးစကားအတိုင်း မိုးအခါ၌ မိတ္ထီလာကန်ကြီး ရေပြည့်ပါက ကုန်းတောင်းရွာကြီး ရေသောက်ရပြီး ဆန်ရေစပါး အပြည့်အဝစိုက်ပျိုးနိုင်ကာ လူအများ သာယာဝဖြိုးသည့် အစဉ်အလာ ရှိခဲ့ဖူးပါသည်။ ဤအစဉ်အလာ ဤအကျိုးကို ပြန်လည်ရရှိခံစားနိုင်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် ၂၀၀၄ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် ကုန်းတောင်းဆည်ကို စုပေါင်း၍ ပြန်လည်ပြုပြင်တည်ဆောက်ခဲ့သည်။ ဆည်ပြုပြင်ပြီးနောက် ဆည်အတွင်း ဖြည့်စွက်ရေရရှိရေးအတွက် မိတ္ထီလာမြောက် ကန်သောက်၊ ကောက်ကွေ့တောမြောင်းမှ ကုန်းတောင်းမြောင်းခွဲ အသစ်ထပ်မံဖောက်လုပ်ပြီး ကုန်းတောင်းဆည်သို့ လိုအပ်သည့်ရေများ ထပ်မံဖြည့်ပေးနိုင်ခဲ့ပါသည်။ ၂၀၀၅–၂၀၀၆ ခုနှစ် မိုးရာသီတွင် မူလမိုးကောင်းသောက်စပါး ၅၆၆ကေအပြင် ဆည်ရေသောက်စပါး ၇၃၆ကေ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ခဲ့သဖြင့် ကုန်းတောင်းအုပ်စုအနေဖြင့် စုစုပေါင်း ၁၃၀၂ ကေ စိုက်ပျိုးနိုင်ခဲ့ပါသည်။

> **နွေစပါးစတင်စိုက်ပျိုးသော နှစ်၌ပင် လုပ်ငန်းတွင်ကျယ် လေလွင့်မှုနည်းစေရန် ဤသို့ စက်ဖြင့် ရိတ်ကြရသည်။**

ကုန်းတောင်းအုပ်စုတွင် ကျေးရွာသူကျေးရွာသားများသည် ယခုနှစ် နွေစပါးစိုက်ခဲ့ကြသည်။ လိုသည့်ရေကို ကုန်းတောင်းဆည်မှရသည်၊ မျိုးစပါးကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် ကုန်းတောင်းဒေသနှင့် ကိုက်ညီသင့်လျော်သည့် ဆင်းသွယ်လတ်စပါးကို စိုက်ပျိုးစေခဲ့ပါသည်။ ဌာနမှမစိုက်မီ မျိုးစေ့ကိုမျိုးကွဲပယ်ရေး၊ မျိုးစေ့ကို ဆားရည်စိမ်ပြီး မျိုးစေ့သန့်စင်ရေး၊ မျိုးစေ့ကို စမ်းသပ်အညှောက်ဖောက်ပြီးမှ ပျိုးထောင်ရေး၊ ပျိုးဝါးခြမ်းရအောင်၊ သို့မဟုတ် ပေါင်ပျိုးထောင်ရေး၊ ဆားပေါက်မြေများကို စိုက်ပျိုးရာတွင် ထယ်မထိုးဘဲ ထွန်ကိုသာမွှေပြီး စိုက်ပျိုးရေး၊ စိုက်ခင်းမြေပြုပြင်စဉ် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀ စီး၊ ဘိုင်အိုကွန်ဇာတစ်အိတ် ထည့်သွင်းပေးရေး၊ စိုက်ခင်းတွင် ပေါင်းနိုင်နိုင်နှိမ်ပေးရေး၊ ဇီဝစူပါရွက်ဖျန်း မြေဩဇာအရည်ကို စတင်စိုက်ပြီး ၁၅ရက်ခန့်တွင် တစ်ကြိမ်နှင့် အပင်မှိုကပ်ချိန်တွင် တစ်ကြိမ်စုစုပေါင်း နှစ်ကြိမ်ပက်ဖျန်းပေးရေး စသည့်စိုက်ပျိုးနည်းပညာများပေးခဲ့ပါသည်။ မိုးစပါးမှာလည်း ဆည်ရေအပြည့်အဝ ရရှိခဲ့သည့်အတွက် ယခင်နှစ်ကထက် ၇၃၆ကေ ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြသကဲ့သို့ ယခုနွေစပါးမှာလည်း ရေရရှိသည့်အတွက် နွေစပါး၆၇ကေစိုက်နိုင်ခဲ့သည်။



စိုက်ပျိုးရာတွင် လုပ်ကိုင်ဆောင်ရွက်ရမှု လွယ်ကူစေရန်အတွက် တစ်ကွင်းတည်း တစ်စပ်တည်း စိုက်ပျိုးခဲ့ကြသည်။ စိုက်ပျိုးရေးတာဝန်ခံက ရှင်းလင်းပြသသည်များ လိုက်နာဆောင်ရွက်ခဲ့ကြသည်။ ဒေသခံပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များကလည်း ဆေးဖျန်းပုံးများဖြင့် ဇီဝရွက်ဖျန်း မြေဩဇာ



အရည်များကို လိုအပ်လျှင် လိုအပ်သလို လိုက်လံဖျန်းပေးသည်။ နွေစပါး အထွက်တိုးရေးအတွက် တက်ကြွစွာ ဆောင်ရွက်ပေးခဲ့ကြသည်။ တောင်သူလယ်သမားများအတွက် အားတက်စရာဖြစ်ခဲ့သည်။

ကုန်းတောင်းရွာသည် ဌာန၊ လူထုညီညွတ်မှုဖြင့် နွေစပါးကို ယခုမှစတင်၍ စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်သော်လည်း စိုက်သမျှ အောင်မြင်ခဲ့သည်။ ဤသို့အောင်မြင်သည်မှာ စိုက်ပျိုးရေး နည်းပညာပေးမှုကို ကျေးရွာလူထုက တိတိကျကျ လိုက်နာဆောင်ရွက်ခြင်းကြောင့်ဖြစ်သည်။ ကျေးရွာလူထု၏ နွေစပါးအောင်မြင်လိုသော စိတ်ဆန္ဒက အဓိကဖြစ်သည်။

ကုန်းတောင်းကျေးရွာသည် ယခင်က နွေစပါးလုံးဝ စိုက်ပျိုးနိုင်ခြင်းမရှိသဖြင့် ယခုနှစ် စိုက်ပျိုးသည်ကို ရွာအနီးပတ်ဝန်းကျင်တစ်ဝိုက်တွင် အထူးအဆန်းသဖွယ်ဖြစ်နေကြသည်။ ပုံမှန်အားဖြင့် မိုးကောင်းသောက် မိုးစပါးကိုသာ စိုက်နိုင်ပြီး တစ်ဧကလျှင် ပျမ်းမျှတင်း ၃၀ခန့်သာ ထွက်ရှိခဲ့ပါသည်။ ယခုနှစ်တွင် မိုးစပါးကို ၁၃၀၂ကေ စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ကေပျမ်းမျှ ၅၇ဒသမ ၁၇တင်းအထိ ထွက်ရှိခဲ့သည်။ ဆက်လက်၍ နွေရာသီတွင် ဆင်းသွယ်လတ်စပါးမျိုးဖြင့် စတင်စိုက်ပျိုးပြီး ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ အောင်မြင်ခြင်းဖြစ်ပါသည်။ စပါးဖြစ်ထွန်းမှု အခြေအနေအပေါ် ကျွမ်းကျင်သူများ၏ တွက်ချက်မှုအရ တစ်ကေလျှင် ၁၀၅တင်းမှ ၁၂၀အထိ ထွက်ရှိနိုင်မည်ဟု သိရှိရသည်။ ဤအထွန်းနှုန်းသည် စပါး၏ သတ်မှတ်ပန်းတိုင် အထွက်နှုန်းထက် ကျော်မည်ဖြစ်ပါသည်။

ကုန်းတောင်း ရွာသူရွာသားများသည် ယခုနှစ် မိုးစပါး၊ နွေစပါးမှစ၍ ပန်းတိုင်အထွက်နှုန်းရအောင်

> **ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များက အသင်းပိုင် ဆေးဖျန်းပုံးဖြင့် ရွက်ဖျန်းမြေဩဇာ ပက်ဖျန်းခဲ့ကြစဉ်။**

ကြိုးပမ်းနိုင်ပြီဟု မှတ်တိုင်အသစ် စိုက်ထူနိုင်ခဲ့ပြီ၊ မိုးစပါး၊ နွေစပါးနည်းစနစ်မှန်စွာ စိုက်ပျိုးပါက ဆန်ရေစပါး ပေါကြွယ်လာမည်ကို တောင်သူလယ်သမားများ သိရှိလာကြပြီ။ ထို့အပြင် ဌာန၊ ကျေးရွာလူထု၊ ဒေသခံပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ပူးပေါင်းဆောင်ရွက်လျှင် အောင်မြင်နိုင်သည်ကိုလည်း သိရှိလာကြပြီ။

နည်းစနစ်မှန်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ဆန်ရေစပါး ပေါကြွယ်လာသည်နှင့်အမျှ ရွာမှာရှိသော "ဘုန်းခံ မြင့်ရှိန်သိမ်ဘုရား"ရှိ ဘုန်းတော်ကြီးကျောင်း၌ သားသမီးများကို ရှင်ပြု၊ နားသအလှူပေးနိုင်မည်ဖြစ်ပြီး ကုန်းတောင်းရွာမှ စည်ပြောသံသည် ပတ်ဝန်းကျင်ရွာများမှတစ်ဆင့် အခြားနေရာအနှံ့သို့လည်း ပဲ့တင်သံရိုက်ခတ်နေမည်မှာ မလွဲဧကန် ဖြစ်ပါတော့သည်။ ။

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးပြပွဲ ကျင်းပမည်

## ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာ၊ ဒစ်ဂျစ်တယ်ပိုစတာ၊ ဓာတ်ပုံပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၇

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပမည့် တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲကို ၂၀၀၆ခုနှစ် နိုဝင်ဘာတွင် ရန်ကုန်မြို့၌ကျင်းပရန် စီစဉ်လျက်ရှိသည်။

အဆိုပါ ပြပွဲ၊ပြိုင်ပွဲတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အလွတ်တန်းဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာ၊ဒစ်ဂျစ်တယ်ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ရာ ဝတ္ထုတို၊ ကာတွန်း၊ ပိုစတာ၊ဒစ်ဂျစ်တယ်ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲအတွက် ဦးတည်ချက်များအဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဦးတည်ရန်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးဦးတည်ရန်၊ ယာဉ်စည်းကမ်းကို ယာဉ်မောင်းအပြင် ခြေကျင်သွားသူများကိုပါ လိုက်နာစေရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဦးတည်ရန်တို့ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲအတွက် စုပေါင်းကာကွယ် လမ်းအန္တရာယ်ထိခိုက်မှုမှ ကင်းစေမယ်(Road Safety is No Accident)၊ အသိနဲ့ပြင် သတိနဲ့ယှဉ်၊ ယာဉ်အန္တရာယ် ကင်းရှင်းရေး လမ်းကြောင်းမှန်စွာ မောင်းနှင်ပေး၊ အမှားတစ်ချက် အသက်ပေါင်းများစွာ ခေါင်းစဉ်များဖြင့် ကြိုက်နှစ်သက်ရာ ရေးသားနိုင်သည်။

စာစီစာကုံးပြိုင်ပွဲကို အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ အထက်တန်းကျောင်းသား၊ ကျောင်းသူများဖြင့်သာ ယှဉ်ပြိုင်စေပြီး ခေါင်းစဉ်အဖြစ် **"ပြိုင်ပွဲဝင်ရန် သတ်မှတ်ခေါင်းစဉ်"** သတ်မှတ်ထားသည်။ အခြေခံပညာဦးစီးဌာနအနေဖြင့်သာ ယှဉ်ပြိုင်ခြင်း၊ ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ပြီး ပထမ၊ ဒုတိယ၊ တတိယ ရရှိသူသုံးဦးနှင့် နှစ်သိမ့်ဆုရရှိသူငါးဦး၏ အမည်စာရင်းအား ဆုချီးမြှင့်ရေးဆပ်ကော်မတီသို့ အောက်တိုဘာလ တတိယပတ်အတွင်း ပေးပို့ရန် ဖြစ်သည်။

စာမူများကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ရှင်းလင်းပီသသည့် လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူ တစ်စောင်တင်သွင်းရမည်။ စာလုံးရေ သတ်မှတ်ချက်မှာ ၅၀၀၀မှ ၁၀၀၀၀အတွင်းဖြစ်ပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်နှင့် ဆောင်းပါးတစ်ပုဒ် ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ကာတွန်းနှင့် ပိုစတာပြိုင်ပွဲအတွက် ပုံများကို ၁၅x၂၀လက်မ အရွယ်အစား နှစ်သက်ရာစက္ကူ၊ ဆေး၊ ရေးနည်းတို့ဖြင့် အကန့်အသတ်မရှိ သရုပ်ဖော်ရေးဆွဲနိုင်ပြီး ရေးဆွဲသူ၏လက်မှတ်ကို ပြိုင်ပွဲဝင်ပုံ၏ နောက်ကျောတွင် ရေးထိုးရမည်။ ပုံ၏အောက်ခြေတွင် လက်မှတ်ရေးထိုးခြင်း မပြုရ။ ဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲအတွက် သင့်လျော်သည့် ကွန်ပျူတာဖြင့်ရေးဆွဲ၍ ပိုစတာပန်းချီများကို Floppy Disk သို့မဟုတ် Compact Disk (CD - ROM)တို့ဖြင့် သိမ်းဆည်း၍ လိုအပ်သောအချက်အလက်များ ပြည့်စုံစွာဖြင့် ပေးပို့ရမည်ဖြစ်သည်။

ဓာတ်ပုံပြိုင်ပွဲအတွက် ပုံများကို အစက်အပြောက် ဖာထေးခြင်းမှအပ အခြားပြုပြင်ခြင်း၊ ဖန်တီးခြင်း၊ ဒစ်ဂျစ်တယ်နည်းဖြင့် ပြုပြင်ခြင်းများ မပြုလုပ်ရ၊ ပုံနှင့်ပတ်သက်၍ အရှုပ်အရှင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက သက်ဆိုင်ရာ ပြိုင်ပွဲဝင်သူ၏ တာဝန်သာဖြစ်သည်။ မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးတင်သွင်းနိုင်သည်။ သို့သော် ဒစ်ဂျစ်တယ်ကင်မရာဖြင့် ရိုက်ကူးပါက အရောင်နှင့် Contrast ပြုပြင်ခြင်းမှအပ မည်သည့်ပြုပြင်မှုမျိုးမှ မပြုလုပ်ရ။ ဆုရလျှင် Original File info တင်ပြနိုင်ရမည်။ ပြိုင်ပွဲဝင်ပုံများကို ပြန်ပေးမည်မဟုတ်ဘဲ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏လုပ်ငန်းကိစ္စများတွင် အသုံးပြုမည်ဖြစ်သည်။ ထိုသို့အသုံးပြုရာတွင် သက်ဆိုင်ရာဓာတ်ပုံပညာရှင်၏အမည်ကိုဖော်ပြပေးမည်ဖြစ်သည်။ ဆုရရှိသူများကို သတင်းစာမှတစ်ဆင့်ကြော်ငြာပေးမည်ဖြစ်ပြီး ခုနစ်ရက်အတွင်း ဆုရဓာတ်ပုံများ၏နဂတ္တတစ်(သို့မဟုတ်) ဆလိုက်(သို့မဟုတ်)ဒစ်ဂျစ်တယ်ကင်မရာဖြင့်ရိုက်ကူးထားသော ပုံဖြစ်ပါက Resolution 300 dpi နှင့် ၆လက်မ × ၉လက်မအရွယ်ရှိသော Original Tiff File ကို CD ဖြင့် ထည့်သွင်း ပေးပို့ရမည်ဖြစ်သည်။ သတ်မှတ်ရက်အတွင်း ပေးပို့ခြင်းမရှိသောပုံများကို ဆုရစာရင်းမှပယ်ဖျက်၍ ယင်းနေရာတွင် အောက်မှပုံများကို အစဉ်အတိုင်းအစားထိုးမည်ဖြစ်သည်။ အဆိုပါဆုရပုံများကို ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက မူပိုင်အဖြစ် လိုအပ်သလို အသုံးပြုမည်ဖြစ်သည်။ ယခင်ပြိုင်ပွဲများတွင် ဆုရရှိပြီးသော ပုံများကို တင်သွင်းယှဉ်ပြိုင်ခြင်းမပြုရ၊ ပြိုင်ပွဲဝင် ဓာတ်ပုံအရွယ်အစားမှာ ၁၀လက်မ × ၁၄လက်မ (ဆေးရောင်စုံဓာတ်ပုံ)ဖြစ်သည်။

ယခုနှစ်တွင် ရန်ကုန်တိုင်းအတွင်းရှိ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကိုပါ ကျင်းပသွားမည်ဖြစ်သည်။

ခရိုင်အဆင့် ပြိုင်ပွဲကို ဩဂုတ်လ နောက်ဆုံးပတ်တွင် ယှဉ်ပြိုင်မည်ဖြစ်ပြီး ကျောင်းများတွင် ထုတ်ပေးထားသော **"စည်းကမ်းလိုက်နာ ဘေးကင်းကွာ"** ရုပ်ပြစာအုပ်မှ မေးမြန်းမည်ဖြစ်သည်။ ဗဟိုအဆင့် ပြိုင်ပွဲအား စက်တင်ဘာ နောက်ဆုံးပတ်တွင် အပြီးယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲအားလုံးအတွက် ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းချုပ်ဖော်ပြပြီး ပင်ကိုရေးဖြစ်ကြောင်းနှင့် ပုံနှိပ်ဖော်ပြခြင်း မရှိခဲ့ဖူးကြောင်း ဝန်ခံချက် ပါရှိရမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်းနှင့် ပိုစတာများကို ရန်ကုန်တိုင်း ကြီးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး ဒုတိယရဲမှူးကြီး အောင်နိုင်(၅၁)လမ်း ပုဇွန် တောင်မြို့နယ် ဖုန်း–၂၉၈၆၅သို့လည်းကောင်း၊ ပြိုင်ပွဲဝင် ဒစ်ဂျစ်တယ်ပိုစတာပုံများကို ဦးစိုးမြင့် ကွန်ပျူတာတက္ကသိုလ်(လှိုင်နယ်မြေ)ဖုန်း–၆၆၄၂၅၄၊၆၁၀၆ ၂၂လိုင်းခွဲ ၂၀၆ သို့လည်းကောင်း၊ ဓာတ်ပုံများကို မြန်မာနိုင်ငံဓာတ်ပုံအသင်း အမှတ်(၂၇/၂၉)၊ ၃၅လမ်း(အောက်) ပထမထပ် ကျောက်တံတားမြို့နယ် ဖုန်း–၃၇၃၁၆၇သို့လည်းကောင်း ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ပုံများနှင့် စာမူများအားလုံးကို ၂၀၀၆ခုနှစ် အောက်တိုဘာ ၁၅ ရက် ညနေ၃နာရီနောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်သည့် စာမူနှင့်ပုံများကို ရွေးချယ်ခံရသည်ဖြစ်စေ၊ ရွေးချယ်မခံရသည်ဖြစ်စေ ပြန်လည် ပေးပို့မည်မဟုတ်ကြောင်းနှင့် ဆုရရှိသူများအား ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ခြံစည်းရိုးကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းရေး ပိုးသတ်ဆေးဖျန်း၊ ပေါင်းလိုက် မြေတောင်မြှောက်ပေး အပင်များကြား ရာသီသီးနှံများ သီးညှပ်စိုက်ပျိုး

ရန်ကုန် ဩဂုတ် ၂၇

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်(၁) တိုင်းအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၀ရက် မွန်းလွဲ ၁နာရီက ကျောက်ပန်းတောင်းမြို့နယ် လက်ပန်ဖျားကျေးရွာအနီးရှိ ကျောက် ပန်းတောင်း–မိတ္ထီလာလမ်းမိုင်တိုင် အမှတ် (၃၉/၂)သို့ ရောက်ရှိကြသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် မိုင်တိုင်အမှတ်(၃၉/၂)လမ်းဘေးဝဲယာ၌ မန္တလေးတိုင်းအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ခြံစည်းရိုးကြက်ဆူတစ်အုပ်တစ်မစိုက်ခင်း ဧက ၃၀ကို ကြည့်ရှုစစ်ဆေးရာ**(အပေါ်ပုံ)** မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းကလိုက်လံရှင်းလင်းပြသပြီး တိုင်းမှူးက ခြံစည်းရိုးကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းရေးအတွက် ရွက်ကျပိုးသတ်ဆေးများ ပက်ဖျန်းပေးရေး၊ ပေါင်းလိုက် မြေတောင်မြှောက်ပေးရေး၊ ရွက်ဖျန်းအားတိုးဆေးများ ပက်ဖျန်းပေးရေးနှင့် အပင်များကြားတွင် ရာသီသီးနှံများ သီးညှပ်စိုက်ပျိုးကြရန် မှာကြားသည်။ ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် မိတ္ထီလာမြို့ သီရိမင်္ဂလာ(က)ရပ်ကွက်ရှိ သမဝါယမ ဘဏ်လီမိတက် မိတ္ထီလာ(ဘဏ်ခွဲ)သို့ ရောက်ရှိကြပြီး ဘဏ်အတွင်း၌ ကွန်ပျူတာထိန်းချုပ်ဌာန၊ ငွေတိုက်ခန်း၊ စာရင်းရှင်စာရင်းဌာန၊ ငွေစု ဘဏ်အပ်ငွေဌာန၊ ငွေလွှဲလုပ်ငန်း၊ ချေးငွေဌာနနှင့် ဘဏ်အတွင်း လုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားဘဏ်၏ဝန်ဆောင်မှုလုပ်ငန်းများ စနစ်တကျနှင့် တိကျမှန်ကန်မှုရှိစေရေး၊ လုံခြုံရေးဆိုင်ရာများ စနစ်တကျထားရှိကြ ရန်မှာကြားကာ ပြန်လည်ထွက်ခွာသွားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**


**MRTV-4 ရုပ်မြင်သံကြားအစီအစဉ်**

**၂၈–၈–၂၀၀၆ (တနင်္လာနေ့)**

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ MRTV-4ကျန်းမာရေးကဏ္ဍ (ဒေါက်တာမိမိထွန်း–မျက်စိနှင့် ကျန်းမာရေး)
၇း၃၅ တေးဂီတအစီအစဉ်
၇း၄၀ မက်မက်မောမောမက်မန်း
၇း၅၀ တေးဂီတအစီအစဉ်
၇း၅၅ နိုင်ငံတကာသတင်းအကျဉ်း
၈း၀၀ အောင်မြင်ကျော်ကြား မြန်မာ့ရုပ်ရှင်ဒါရိုက်တာများ (ကြည်ဖြူသျှင်)
၈း၅၀ တေးဂီတအစီအစဉ်
၈း၅၅ သံဂဟေအတတ်ပညာ(အပိုင်း–၂)
၉း၀၅ ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ နှပျို့သစ်လွင်သော အသားအရေသစ်ကိုရယူစို့ (အပိုင်း–၁)
၉း၃၅ မိုးလေဝသခန့်မှန်းချက်
၉း၄၀ တေးဂီတအစီအစဉ်
၉း၄၅ Fashion Fever (လေးထပ်ကွမ်းအကယ်ဒမီ ချိုပြုံးနှင့် တွေ့ဆုံခြင်း)
၁၀း၁၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀ စာရေးဆရာ မောင်ဒဂုန်နှင့် တွေ့ဆုံခြင်း
၁၀း၄၀ တေးဂီတအစီအစဉ်
၁၀း၄၅ ပြည်သူ့အတွက်ကျန်းမာရေး (ဒေါက်တာချစ်စိုး) (အရိုးပွရောဂါအကြောင်း မေးမြန်းခန်း)
၁၁း၀၅ တေးဂီတအစီအစဉ်
၁၁း၁၀ သတင်းကောင်း **(သွားညီ၊ဆုပန်ထွာ၊ပွင့်)**
၁၁း၃၀ ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၀ တေးဂီတအစီအစဉ်
၁၁း၄၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၂း၀၀ MRTV-4 အပိတ် Logo

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**English Premier League ဘောလုံးပွဲစဉ်**

| ညပိုင်း | အစီအစဉ် | လိုင်း |
|---|---|---|
| ၁း၂၄ | Middlebrough-Portsmouth | 5-Sports(Live) |


# ဝန်ကြီးဗိုလ်ချုပ်ဌေးဦး မြို့ကြီးရေလှောင်တမံ စီမံကိန်း ကြည့်ရှုစစ်ဆေး မိတ္ထီလာလွင်ပြင် ဆည်ရေသောက်ကေသုံးသောင်း စိုက်ပျိုးရေပေးနိုင်မည်



နေပြည်တော် ဩဂုတ် ၂၇

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၉ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးရွာအနီး၌ တည်ဆောက်နေသည့် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇) ညွှန်ကြားရေးမှူးဦးမျိုးထွန်းက စီမံကိန်းတွင် ပါဝင်သည့် ဆည်ရေပေးဝေရေးနှင့် ရေအားလျှပ်စစ် ထုတ်လုပ်ရေးတို့အတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများမှ ပင်မတမံတည်ဆောက်မှု၊ ရေလွှဲဥမင်လိုဏ် တည်ဆောက်မှု၊ ရေအားလျှပ်စစ်ဥမင်လိုဏ်တည်ဆောက်မှု ရေလွှဲဆည်တည်ဆောက်မည့် လုပ်ငန်းတို့ကို ရှင်းလင်းတင်ပြသည်။**

**ဆွေးနွေးမှာကြား**

ထို့နောက် ဝန်ကြီးသည် ဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့် တည်ဆောက်ရေး တာဝန်ခံများအား လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည်ပင်မတမံ တည်ဆောက်မည့်နေရာ အောက်ခြေပိုင်း၌ ရေစိမ့်တားနံရံပြီးစီးမှု [TMW (Tonemixing Wall)] စက်ဖြင့် ပလတ်စတစ် ကွန်ကရစ်တူးလောင်းနေမှု၊ ဇော်ဂျီမြစ်အား ရေလွှဲထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးသည် ရေလွှဲဥမင် အဝင်ပိုင်းနှင့် အထွက်ပိုင်း၌ တစ်ပြိုင်နက်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** ရေလွှဲဥမင်မှာ ၁၅၇၅ ပေအရှည်ရှိရာ ပေ ၃၀၀ကျော် ပြီးစီးလျက်ရှိပြီး ဆက်လက်၍ နေ့၊ ည အဆိုင်းများဖြင့် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**စိုက်ပျိုးရေပေးဝေ**

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ရှမ်းပြည်နယ် (တောင်ပိုင်း)ရပ်စောက်မြို့နယ်တွင် တည်ဆောက်ပြီး ဇော်ဂျီရေလှောင်တမံမှ လွှတ်ချပေးသည့်ရေနှင့် မြို့ကြီး ရေလှောင်တမံကြားရှိ စီးဝင်ရေများကို ထိရောက်စွာ အသုံးချလျက် မိတ္ထီလာလွင်ပြင်အတွင်းရှိ ဆည်ရေသောက် ဧရိယာ ဧကသုံးသောင်းကို စိုက်ပျိုးရေပေးဝေရန်နှင့် ရေအားလျှပ်စစ် မဂ္ဂါဝပ် ၃၀ ထုတ်လွှတ်ပေးရန် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် မိတ္ထီလာလွင်ပြင် ရေရရှိရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်လျက်ရှိသော မိတ္ထီလာလွင်ပြင်လျှပ်စစ် ရေတင်စီမံကိန်းတည်ရှိရာ မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကုန်းရွာအနီးသို့ ရောက်ရှိကြသည်။

**ရှင်းလင်းတင်ပြ**

စီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ခံက မြို့ကြီးရေလှောင်တမံမှ ရေကို ကင်းတားဆည်သို့ ရေချကာ ကင်းတားလက်ဝဲမြောင်း၊ စမုံ ရေငုတ်ပြွန်အနီးမှ လျှပ်စစ်ရေတင်စက်များဖြင့် ရေပေးမည့် လုပ်ငန်း အစီအစဉ်ကို ရှင်းလင်းတင်ပြရာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် အမှတ်(၂) ရေတင်စခန်း(ဆည်ရွာတောင်)၌ ရေပေးမြောင်း တူးဖော်ပြီးစီးမှုနှင့် အမှတ်(၈) ရေတင်စခန်း(ခင်ကြီး)တွင် ရေပေးမြောင်းတူးဖော်မှုနှင့် ရေတင်စခန်း ပြုလုပ်မှုတို့ကို ကြည့်ရှုကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အဝေးသင်တက္ကသိုလ်အနီးကပ်သင်တန်းများ စည်းမျဉ်းစည်းကမ်းနှင့်အညီ သင်ကြားပို့ချ ဘာသာရပ်အလိုက် စာစဉ်များအချိန်မီထုတ်ပေး

ရန်ကုန် ဩဂုတ် ၂၇

**ပညာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များလိုက်ပါလျက် ဩဂုတ်၂၅ရက် မွန်းလွဲ၂နာရီခွဲက ရန်ကုန်ပညာရေးတက္ကသိုလ်သို့ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့်အတူ စတုတ္ထနှစ်ကျောင်းသား ကျောင်းသူများ၏ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒလက်တွေ့သင်ကြားမှုများ၊ Language Lab ၊ Computer Training Centre၊ e-Education Resource Centre၊ e-Book စာသင်ခန်းများ၌ လက်တွေ့သင်ကြားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

**ရှင်းလင်းတင်ပြ**

ထို့နောက် ဝန်ကြီးဒေါက်တာချမ်းငြိမ်းနှင့်အဖွဲ့သည် ဆွေးနွေးပွဲခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ပါရဂူဘွဲ့ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံရာ ရှေးဦးစွာ ပါမောက္ခချုပ် ဒေါက်တာခင်ဇော်က တက္ကသိုလ်၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

**တွေ့ဆုံ**

ဆက်လက်၍ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ လိုက်ပါလျက် ယမန်နေ့ နံနက် ၁၀ နာရီခွဲက သန်လျင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးရုံးခန်း၌ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံသည်။

ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ ဂုဏ်ထူးရရှိအောင် သင်ကြားပေးရေး၊ ဘာသာရပ်များ အောင်ချက် တိုးတက်မြင့်မားအောင် ဆောင်ရွက်ရေး၊ ယခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်ထက် ပိုမိုမြင့်မားရေးအတွက် ဘာသာရပ်အားလုံး သင်ကြားချိန်ဖြည့်စွက်သင်ကြားပေးရေး၊ အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်း ကျောင်းသားကျောင်းသူများအား နှစ်ပတ်လျှင် တစ်ကြိမ် စာမေးပွဲစစ်ဆေးရေး ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် အဖွဲ့သည် သန်လျင်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး ရုံးခန်း၌ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများအား တွေ့ဆုံသည်။

**ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်**

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်သို့ရောက်ရှိပြီး ဆွေးနွေးပွဲခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး ဝန်ကြီးက မဟာသုတေသနဘွဲ့ ကျမ်းများကို သတ်မှတ်ချိန်အတိုင်း အချိန်မီပြီးစီးအောင် သုတေသနပြုဆောင်ရွက်ရေး သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် တက္ကသိုလ်တစ်ခုနှင့်တစ်ခု ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများကို ဖော်ထုတ်ဆောင်ရွက်ရေး၊ အဝေးသင်တက္ကသိုလ် အနီးကပ် သင်တန်းများ သင်ကြားရာတွင် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ သင်ကြားပို့ချရေး၊ ကျောင်းသား ကျောင်းသူများအတွက် ဘာသာရပ်အလိုက် စာစဉ်များကို အချိန်မီ ထုတ်ပေးရေး၊ စာစဉ်များ တင်သွင်းရာတွင် ကျောင်းသားကျောင်းသူများကိုယ်တိုင် ကျက်မှတ်ရေးသားတင်သွင်းရေး၊ အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများ အရည်အသွေး မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။ **(သတင်းစဉ်)**



**ပြင်သစ် နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီ ရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)တွင် ၄၀၅/က၊ ၁၆/၃ ရပ်ကွက်၊ မာလာမြိုင်လမ်းနေ ကွယ်လွန်သူခင်ပွန်းဖြစ်သူ ဗိုလ်ဖေကြိုင်အားရည်စူး၍ ဇနီး ဒေါ်ခင်အေးနွဲ့၊ သမီး သက်ထားကြိုင် (ခေတ္တစင်ကာပူ)၊ သား ကိုမြဝင်းမိသားစုတို့က ငွေကျပ်တစ်သိန်းကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဂူရှူးနည်းပြသင်တန်းဖွင့်လှစ်ပေး တိုက်ကွမ်ဒိုအားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတက်ရောက် အာရှလူငယ်ဘောလုံးပြိုင်ပွဲယှဉ်ပြိုင်မည့် အားကစားအဖွဲ့ အားတွေ့ဆုံမှာကြား

ရန်ကုန် ဩဂုတ် ၂၇

**မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၈နာရီက သုဝဏ္ဏရှိ အိုလံပစ်ဟိုတယ်၌ကျင်းပသည့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဂူရှူးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ဂူရှူးနည်းပြနှင့် ဒိုင်လူကြီးသင်တန်း(၁/၂၀၀၆)ဖွင့်ပွဲသို့ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။**

### ဖွင့်လှစ်

အခမ်းအနားတွင် ဝန်ကြီးက အဖွင့် အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ ဂူရှူးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌသစ် ဒေါက်တာစိုင်းဆမ်ထွန်းက ဂူရှူးနည်းပြနှင့် ဒိုင်သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းပြသည်။

### ကြာမြင့်

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့်တိုင်း တပ်မများ၊ ဝန်ကြီးဌာန ပေါင်းစုံနှင့် ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား သင်တန်းသူစုစုပေါင်း ၃၉ဦး တက်ရောက်ကြပြီး သင်တန်း ကာလမှာ ဩဂုတ်၂၇ရက်မှ ၂၉ရက် အထိ ဖြစ်သည်။

### အမှာစကားပြောကြား

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ နံနက် ၉နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံတွင် ကျင်းပသည့် (၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး စစ်တုရင် ပထမရွှေ့ကွက်ကိုရွှေ့ပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

### အခမဲ့

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားသုံးမျိုးပါရှိပြီး အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲတွင် အသင်း ၁၂သင်းမှ ပြိုင်ပွဲဝင်၇၂ဦး၊ အသက်(၂၀)အောက် လူငယ်စစ်တုရင်ပြိုင်ပွဲတွင် အသင်းပေါင်းခုနစ်သင်းမှ ပြိုင်ပွဲဝင် ၄၂ဦး၊ ရိုးရာစစ်တုရင် ပြိုင်ပွဲတွင် အသင်းပေါင်းခြောက်သင်းမှပြိုင်ပွဲဝင် ၃၀ စုစုပေါင်းပြိုင်ပွဲဝင် ၁၄၄ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဩဂုတ် ၂၇ရက်မှ စက်တင်ဘာ ၃ ရက်အထိ နေ့စဉ်နံနက် ၈နာရီခွဲတစ်ကြိမ်နှင့် မွန်းလွဲ၁နာရီတစ်ကြိမ် နေ့စဉ်နှစ်ကြိမ် ကျင်းပမည်ဖြစ်ပြီး မြန်မာ့စစ်တုရင် ဝါသနာအိုးများ အခမဲ့လာရောက် ကြည့်ရှုနိုင်သည်။

ဝန်ကြီးသည် ယနေ့နံနက် ၉နာရီက အောင်ဆန်းအားကစား ပြိုင်ဝင်း အစည်းအဝေးခန်းမ(၁)တွင် ကျင်းပသည့် ဒေါ်လာ၆၀၀၀ တန်ဖိုးရှိ တိုက်ကွမ်ဒိုအားကစားပစ္စည်း ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် Resi Clent Koica Myanmar Agency° မှ Mr. Cho Sang Woo° က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားပြီး ဒေါ်လာ ၆၀၀၀ တန်ဖိုးရှိ တိုက်ကွမ်ဒိုအားကစားပစ္စည်းများ လက်ခံ၍ လှူဒါန်းထားသော အားကစားပစ္စည်းများကို လိုက်လံကြည့်ရှုသည်။

**သတင်းမှတ်စုနှင့်ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)**

### တွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် နံနက် ၁၁နာရီက သုဝဏ္ဏရှိ အိုလံပစ်ဟိုတယ်၌ စက်တင်ဘာ ၃ ရက်မှ ၁၇ရက် အထိ စင်ကာပူနိုင်ငံတွင် ကျင်းပမည့် အသက်(၁၇)နှစ် အောက် အာရှလူငယ်ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဏာမ (လူငယ်) မြန်မာဘောလုံးအသင်းနှင့် တွေ့ဆုံသည်။

အခမ်းအနားတွင် မြန်မာလူငယ်ဘောလုံးအသင်း အဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးဦးဌေးအောင် (အား/ကာသိပ္ပံ၊မန္တလေး)နှင့် နည်းပြဆရာ လက်ထောက်မန်နေဂျာ ဦးခင်မောင်တင့်တို့က ပြိုင်ပွဲအတွက်ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### လိုက်ပါ

ထို့နောက် ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက် မှာကြားကာ လူငယ်ဘောလုံးအဖွဲ့အား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စင်ကာပူနိုင်ငံတွင်ကျင်းပမည့် အသက်(၁၇)နှစ်အောက် အာရှလူငယ်ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလူငယ်ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒုတိယညွှန်ကြားရေးမှူးဦးဌေးအောင်(အား/ကာသိပ္ပံ၊ မန္တလေး)၊ နည်းပြချုပ်အဖြစ် ဘူဂေးရီးယားဘောလုံးနည်းပြဆရာ Mr. Radoy Hristov Minkovski°၊ နည်းပြ အဖြစ် ဦးခင်မောင်တင့် (လက်ထောက်မန်နေဂျာ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ လက်ထောက်နည်းပြများအဖြစ် တပ်မတော်ကိုယ်ခံပညာနှင့်အားကစားသိပ္ပံ (ရဲမွန်)မှ အရာခံဗိုလ်ကျော်လွင်နှင့် နည်းစနစ်မှူး ဦးဇော်လေးအောင် (အား/ကာ)၊ ဂိုးနည်းပြ အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှအရာခံဗိုလ်ထွန်းတင့်အောင်၊ အသင်းဆရာဝန်အဖြစ် လက်ထောက် ဆရာဝန် ဒေါက်တာအုပ်စိုးဦး(အား/ကာ)တို့က လိုက်ပါဆောင်ရွက်မည်ဖြစ်သည်။

### ပဏာမ

ပဏာမလက်ရွေးစင်၂၈ဦးမှာ ဂိုး–စိုးမင်းသူ(အား/ကာသိပ္ပံ၊ရန်ကုန်)၊ ဗန်လားဟရွယ် (သွေးသစ်လူငယ်၊ အား/ကာ) နှင့် ကျော်စွာဝင်း (ဆောက်လုပ်ရေး)၊ နောက်တန်း အားကစားသမားများမှာ ကောင်းမြတ်ဦး (အား/ကာသိပ္ပံ၊ ရန်ကုန်)၊ မိုးနိုင်ထွန်း (အား/ကာသိပ္ပံ၊ မန္တလေး)၊ ငြိမ်းဉာဏ်စိုး (အား/ကာ သိပ္ပံ၊ မန္တလေး)၊ မြတ်နိုင်အောင် (အား/ကာသိပ္ပံ၊ မန္တလေး)၊ ပြည့်ဖြိုးကိုကို (အား/ကာ သိပ္ပံ၊ မန္တလေး)နှင့် အောင်ဇော်လင်း (အား/ကာသိပ္ပံ၊ မန္တလေး)၊အေးမိုး (အထက၊ မြစ်ငယ်)၊ စန်းလွင်ဦး (ရထား)နှင့် သန်းထွန်းအောင် (ရထား)၊ နိုင်လင်းထွန်း (စွမ်းအင်)၊ အလယ်တန်းအားကစားသမားများမှာ ဇော်လင်း (အား/ကာသိပ္ပံ၊ ရန်ကုန်)၊ အောင်ပြုံးကြိုင်(အား/ကာ သိပ္ပံ၊ ရန်ကုန်)၊ ပိုင်မျိုးဦး(အား/ကာ သိပ္ပံ၊ မန္တလေး)၊ ချစ်ကိုကိုထွေး(အား/ကာသိပ္ပံ၊ မန္တလေး)၊ ဒေးဗစ်ထန်း (အား/ကာ သိပ္ပံ၊ မန္တလေး)၊ တင်ဝင်းအောင် (အား/ကာသိပ္ပံ၊ မန္တလေး)၊ ကောင်းမြတ်ဟန် (ရန်ကုန်တိုင်း)၊ ရှေ့တန်းအားကစားသမားများမှာ အောင်မြင့်ထွန်း(အား/ကာသိပ္ပံ၊ ရန်ကုန်)၊ ရန်အောင်ဝင်း (အား/ကာသိပ္ပံ၊ မန္တလေး)၊ ကျော်ကိုကို(၂)(အား/ကာ သိပ္ပံ၊ မန္တလေး)၊ အောင်ကျော်မျိုး (စွမ်းအင်)၊ ဇင်မျိုးအောင် (ရန်ကုန်မြို့တော်စည်ပင်)၊ ပြည့်ဖြိုးဦး (ပို့ဆောင်ရေး)၊ လှဖြိုး (ပို့ဆောင်ရေး)၊ အောင်မျိုးသူ (သွေးသစ်)တို့ကို ရွေးချယ်ထားသည်။

### အပြီးသတ်

ပဏာမ လူငယ်အသင်းကို ခြေစမ်းပွဲများယှဉ်ပြိုင်ပြီး အပြီးသတ်ရွေးချယ်မည်ဖြစ်သည်။

မြန်မာလူငယ် အသင်းသည် အုပ်စု(ဂ)တွင်ပါဝင်ပြီး စက်တင်ဘာ ၄ ရက်တွင် လာအိုလူငယ်နှင့်လည်းကောင်း၊ စက်တင်ဘာ ၆ ရက်၌ မြောက်ကိုရီးယားလူငယ်နှင့် လည်းကောင်း၊ စက်တင်ဘာ ၈ ရက်တွင် ဆော်ဒီအာရေဗျလူငယ်နှင့် လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



**အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် (၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲနှင့် မြန်မာ့ရိုးရာ စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် စစ်တုရင်ပထမရွှေ့ကွက်ကိုရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။** ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

---

## မြန်မာ့အလင်း စာတည်းထံပေးစာများ

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။**

## ရပ်ကွက်အတွင်းမှ သားသတ်လုပ်ငန်း ဖယ်ရှားပေးပါ

**စာတည်းခင်ဗျား–**

ပဲခူးတိုင်း ဝေါမြို့ အေးချမ်းသာယာရပ်ကွက် ဗိုလ်တာရာလမ်းရှိ အိမ်တစ်အိမ်သည် ရပ်ကွက်အတွင်း သားသတ်ခြင်း၊ သားရေများ သိုလှောင်ခြင်း ပြုလုပ်လျက်ရှိသဖြင့် အဆိုပါ သားသတ်လုပ်ငန်းအား ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**အနံ့ဆိုးခံစားနေရသူ**

## လမ်းပိတ်ဆို့မှု ရှင်းလင်းပေးပါ

**စာတည်းခင်ဗျား–**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောဈေးမှ နှစ်ဖာလုံခန့်အကွာ မြင့်မိုရ်လမ်းမပေါ်တွင် ပုံကျ သား၊ငါးဈေးတန်းသည် နေ့စဉ်နံနက် ၅ နာရီခွဲခန့်မှ ၁၁ နာရီအထိလည်းကောင်း၊ မွန်းလွဲ၂ နာရီခန့်မှ ည ၈ နာရီအထိ လည်းကောင်း ရောင်းချနေမှုကြောင့် လမ်းပိတ်ဆို့သဖြင့် ရပ်ကွက်နေ ပြည်သူများ သွားလာရေးအခက်အခဲဖြစ်လျက် ရှိပါသည်။ သို့ပါ၍ အဆိုပါ ဈေးတန်းအား သင့်တော်ရာသို့ ရွှေ့ပြောင်းပေးပါရန် တင်ပြအပ်ပါသည်။

**မြင့်မိုရ်လမ်းသားများ**

## အညော်နံ့ ရှူရှိုက်နေကြရ

**စာတည်းခင်ဗျား–**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း ဂန္ဓိခန်းမအနီးရှိ စားသောက်ဆိုင်တစ်ဆိုင်သည် မီးခိုးခေါင်းတိုင်မသုံးဘဲ အစားအစာများကို ကြော်လှော်နေပါသဖြင့် ထွက်ရှိလာသော အညော်နံ့များကို ပတ်ဝန်းကျင်နေ ပြည်သူများနေ့စဉ် ရှူရှိုက်နေကြ ရပါသည်။ သို့ပါ၍ အဆိုပါ စားသောက်ဆိုင်အား လိုအပ်သလိုကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**အညော်မခံနိုင်သူ**

## ရေနုတ်မြောင်းမွမ်းမံပြင်ဆင်ပေးပါ

**စာတည်းခင်ဗျား–**

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် အမှတ်(၃) ရပ်ကွက်၊ ၆၄လမ်းအတွင်းရှိ ရေနုတ်မြောင်းများသည် အမှိုက်များ၊ သဲများနှင့်ပြည့်နှက် ပိတ်ဆို့နေသဖြင့် ရေစီးဆင်းမှုမရှိဘဲ လမ်းအတွင်းရေအိုင်ကြီးဖြစ်လေ့ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါရေနုတ်မြောင်းအား မွမ်းမံပြင်ဆင်ပေးပါရန် တင်ပြအပ်ပါသည်။

**၆၄လမ်းသား**

## အမှိုက်ပုံကြောင့် ကျန်းမာရေးထိခိုက်နေ

**စာတည်းခင်ဗျား–**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်(၂၀)ရပ်ကွက် ဖူးကြီးလမ်းမနှင့် ဇမ္ဗူအေး(၃)လမ်းနှင့် (၄)လမ်းထိပ်တွင်ရှိသည့် အမှိုက်ပုံမှ ထွက်ရှိသည့် အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေပြည်သူများ ကျန်းမာရေးထိခိုက်ကြရပါသည်။ သို့ပါ၍ အဆိုပါအမှိုက်ပုံအား လာရောက်သိမ်းဆည်းပေးပါရန်နှင့် သင့်တော်သည့်နေရာသို့ ရွှေ့ပြောင်းပေးပါရန်တင်ပြအပ်ပါသည်။

**ရပ်ကွက်သား**

## ခွေးလေခွေးလွင့်များ ရှင်းလင်းပေးပါ

**စာတည်းခင်ဗျား–**

တာမွေမြို့နယ် ကျောက်မြောင်းအရှေ့ရပ်ကွက် မြို့သစ်(၁)လမ်း အမှတ်(၃၉/၄၀)နှင့် သာသနာ့ ဝေပုလ္လဓမ္မာရုံရှေ့ရှိခွေးလေခွေးလွင့်များကြောင့် လမ်းသွား လမ်းလာများ၊ ကလေးသူငယ်များ အနှောင့်အယှက်ဖြစ်လျက်ရှိပြီး ခွေးရူးရောဂါ စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန်တင်ပြအပ်ပါသည်။

**စိုးရိမ်သူ**

## သစ်ခွဲစက်ကြောင့် ကောင်းစွာအိပ်မရ

**စာတည်းခင်ဗျား–**

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် (၈)ရပ်ကွက် ကနောင်ပန်းခြံ ဘုရင့်နောင် လမ်းမ(နဝရတ်လမ်းနှင့် မင်းရဲကျော်စွာလမ်းကြား)တွင် နေ့ရောညပါ သစ်ခွဲလျက်ရှိခြင်း၊အချိန်မတော် သစ်များ သယ်ယူနေရာချခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေသူများ ညဘက်တွင် ကောင်းစွာ မအိပ်ကြရပါ။ သို့ပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**(၈)ရပ်ကွက်သား**

## လောင်းကစားမှု အရေးယူပေးပါ

**စာတည်းခင်ဗျား–**

ပဲခူးမြို့ မြို့သစ်(၈)ရပ်ကွက် ရှမ်းတန်း(၄)လမ်းရှိ အိမ်တစ်အိမ်၌ လောင်းကစားမှုများ လုပ်ဆောင်လျက်ရှိပါသည်။

သို့ပါ၍ သက်ဆိုင်ရာမှ ထိရောက်စွာ အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

**မြို့သစ်သား**

## အမှိုက်ပုံ ဖယ်ရှားပေးစေလို

**စာတည်းရှင့်–**

ရမည်းသင်းမြို့ သီလဝလမ်းမကြီးဘေးရှိ မီးသတ်ရုံဟောင်းတွင် အမှိုက်များကို စည်းကမ်းမဲ့စွာ စွန့်ပစ်နေကြရာ အနံ့ဆိုးများကြောင့် ရပ်ကွက်နေ ပြည်သူများ ကျန်းမာရေးထိခိုက်နေရပါသည်။ သို့ပါ၍ အဆိုပါ အမှိုက်ပုံအား သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**အနံ့ဆိုးများမခံနိုင်သူ**

## စည်းကမ်းမဲ့အမှိုက်ပုံ ရှင်းလင်းပြီး

၂၄–၇–၂၀၀၆ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ပုဇွန်တောင်မြို့နယ် ၁၀ ရပ်ကွက် လမ်း ၅၀နှင့် ၄၉ လမ်းကြားရှိ နောက်ဖေးလမ်းကြားတွင် **စည်းကမ်းမဲ့အမှိုက်ပုံ ရှင်းလင်းပေးပါ** ခေါင်းစဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာက ရှင်းလင်းဆောင်ရွက်ပြီးကြောင်း ဖော်ပြအပ်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ရေးသားတင်ပြသူ
မြင့်မောင်စိုး

# ရီးရဲမက်ဒရစ်နောက်တန်းလူ ဂုဒ်ဂိတ် လန်ဒန်၌ တစ်နှစ် အငှားလာရောက်ကစားမည်




ဂျိုနသန်ဂုဒ်ဂိတ်၏ ခေါင်းတိုက်ဟန်။

**လန်ဒန် ဩဂုတ် ၂၇**

ရီးရဲမက်ဒရစ် နောက်တန်းကစားသမား ဂျိုနသန်ဂုဒ်ဂိတ်သည် ယခုနှစ်ရာသီတွင် အင်္ဂလန်သို့ အငှားတစ်နှစ် လာရောက်ကစားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အသက်၂၆နှစ်ရှိ ရီးရဲမက်ဒရစ်စတား ဂုဒ်ဂိတ်သည် ရီးရဲမက်ဒရစ်၌ နှစ်နှစ်တာကာလအတွင်း ဒဏ်ရာရထား၍ ၁၄ပွဲသာ ပါဝင်ကစားနိုင်ခဲ့သည်။

၎င်းသည် မစ်ဒယ်ဘရော့၊ နယူးကာဆယ်နှင့် လီဗာပူးသို့ ဆက်သွယ်ထားသည်။

**ပြောင်းရွှေ့ကစား**

မိမိသည် အင်္ဂလန်ကလပ် အသင်းတစ်သင်းတွင် တစ်နှစ်အငှားသွားရောက်ကစားမည်ဖြစ်ကြောင်း၊ မကြာမီရက်များအတွင်း ပြောင်းရွှေ့ကစားမည့်အသင်းကို သိရမည်ဖြစ်ကြောင်း ဂုဒ်ဂိတ်က ပြောကြားသည်။

အင်္ဂလန်အသင်းအားလုံးကို သွားရောက်ကစားရန် နှစ်သက်မှုရှိကြောင်း၊ အပြည့်အဝ ကြံ့ခိုင်မှုရှိနေပြီဖြစ်၍ အကောင်းဆုံးကစားနိုင်ပြီ ဖြစ်ကြောင်း၊ သို့ရာတွင် ရီးရဲမက်ဒရစ်၌ ကာလရှည် ကစားသွားရန် ဆန္ဒရှိကြောင်းလည်း ၎င်းက ပြောကြားသည်။

အဆိုပါ နောက်တန်းကစားသမားအား ရီးရဲမက်ဒရစ်က ပေါင် ၁၃ ဒသမ ၄သန်းဖြင့် ၂၀၀၄ ခုနှစ် ဩဂုတ်လတွင် နယူးကာဆယ်ယူနိုက်တက်မှ လေးနှစ်ခေါ်ယူစာချုပ်ချုပ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

# ကမ္ဘာတစ်လွှား အားကစား

## အင်္ဂလန်နောက်တန်း ကစားသမား မန်ယူမှ ဖာဒီနန် ယူရို ၂၀၀၈ ခြေစစ်ပွဲ အဖွင့်ပွဲနှင့်လွဲဖွယ်ရှိနေ

လန်ဒန် ဩဂုတ် ၂၇

**မန်ယူနောက်တန်းကစားသမား ဖာဒီနန်သည် ခြေချောင်းကျိုးသည်ဟု သံသယဖြစ်မှုကြောင့် ယူရို ၂၀၀၈ အဖွင့်ခြေစစ်ပွဲတွင် အင်္ဂလန်အသင်း၌ ပါဝင်ကစားနိုင်ရေးမှာ သံသယဖြစ်လျက်ရှိသည်။**

ဖာဒီနန်သည် မန်ယူနှင့် ဝက်ဖို့ဒ်ပွဲတွင် ၎င်းဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းသည် တနင်္ဂနွေနေ့တွင် ဓာတ်မှန်ရိုက်ရမည်ဖြစ်ကြောင်း၊ အင်္ဂလန်အသင်းအတွက် သံသယဖြစ်မိကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ပြောကြားသည်။




မန်ယူ နောက်တန်းသမား ဖာဒီနန်။

အကယ်၍ ဖာဒီနန် ပါဝင်မကစားနိုင်ခဲ့လျှင် တော့တင်ဟမ်မှ မိုက်ကယ်ဒေါ်ဆင် ပါဝင်ကစားဖွယ်ရှိသည်။

**ဒဏ်ရာကြောင့်**

အင်္ဂလန်နည်းပြသစ် မက်ကလာရင်၏အသင်းသည် စက်တင်ဘာ၂ရက်တွင် အင်ဒိုရာအသင်းနှင့် ကစားမည့် ခြေစစ်ပွဲအတွက် နောက်တန်း ညာဘက်ကစားသမားဂယ်ရီနဗီးလ်ဒဏ်ရာကြောင့် ပါဝင်လိမ့်မည်မဟုတ်ပေ။

အင်္ဂလန်အသင်းသည် ယင်းမှ ဆက်လက်၍ လေးရက်အကြာ စက်တင်ဘာ ၆ရက်၌ မက်ဆီဒိုးနီးယားအသင်းနှင့် ခြေစစ်ပွဲဆက်လက်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

# ပိုက်လော့ပင် တင်းနစ်ဗိုလ်လုပွဲ ဒေဗင်ပို့စ်နှင့် ဂျူစတင်ဟာဒင်း ဆုံတွေ့

**နယူးဟေဗင် (အမေရိကန်) ဩဂုတ် ၂၇**

အမေရိကန်နိုင်ငံ နယူးဟေဗင်မြို့၌ ကျင်းပသော ပိုက်လော့ပင် အမျိုးသမီးတင်းနစ်ပြိုင်ပွဲတွင် လက်ရှိ ချန်ပီယံ လင်ဆေးဒေဗင်ပို့စ်သည် ဒဏ်ရာကြောင့် အနားယူခဲ့ပြီး ပြန်ကစားရာ၌ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

**တက်ရောက်**

သူမသည် လွန်ခဲ့သော ငါးလက ကျောဒဏ်ရာကြောင့် အနားယူခဲ့ပြီး ယခုပွဲပြန်ကစားခဲ့ရာ ဩစတြေးလျမှ ဆာမန်သာစတိုဆာကို ၇–၆၊ ၇–၃၊ ၇–၆၊ (၉–၇)ဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

**ဗိုလ်လုပွဲကစားမည်**

အသက် ၃၀အရွယ် လင်ဆေးဒေဗင်ပို့စ်သည် အကြိုဗိုလ်လုပွဲ၌ ရုရှားမှ ကွက်ဇ်ညက်ဆိုဗာကိုအနိုင်ရလိုက်သည့် ဘယ်လ်ဂျီယံသူ ဂျူစတင် ဟေနင်ဟာဒင်းနှင့် ဗိုလ်လုပွဲကစားကြမည်ဖြစ်သည်။



ကမ္ဘာ့ထိပ်တန်း တင်းနစ်မယ် လင်ဆေးဒေဗင်ပို့စ်၏ကစားဟန်။

အဆိုပါ ဘယ်လ်ဂျီယံသူသည် ရုရှားသူ ကွက်ဇ်ညက်ဆိုဗာအား ၆–၃၊ ၆–၃ဖြင့် အလွယ်တကူ အနိုင်ယူခဲ့ခြင်းဖြစ်သည်။

ဟေနင်ဟာဒင်းသည် ဝင်ဘယ်ဒန်ပွဲ အပြီး ပထမဆုံးယှဉ်ပြိုင်ကစားသည့်ပွဲဖြစ်သည်။ ဒေဗင်ပို့စ်နှင့် ဟေနင်ဟာဒင်းတို့ လွန်ခဲ့သောခြောက်ပွဲ တွေ့ခဲ့ရာတွင် ဒေဗင်ပို့စ် ရှုံးနိမ့်ခဲ့သည်။ **(အင်တာနက်)**

# မိုက်ကယ်ဘောလက်နေရာ အစားထိုးရန် ဘာစီလိုနာမှ ဘွမ်မဲလ်ကို ဘိုင်ယန်မြူးနစ်ခေါ်ယူ




ဘွမ်မဲလ်

**ဘာလင် ဩဂုတ် ၂၇**

ဘာစီလိုနာကလပ်မှ ကွင်းလယ်ကစားသမား ဘွမ်မဲလ်အား ဘေယန်မြူးနစ်အသင်းက စာချုပ်ချုပ်ဆိုခေါ်ယူရန် သဘောတူညီမှုများ ရရှိခဲ့ပြီဖြစ်သည်။

**ခေါ်ယူမည်**

ဘွန်ဒက်စ်လီဂါချန်ပီယံ ဘိုင်ယန်မြူးနစ်ကလပ်အနေဖြင့် ဒတ်ချ်ကစားသမားလည်းဖြစ်သည့် ဘွမ်မဲလ်အား သုံးနှစ် စာချုပ်ချုပ်ဆိုခေါ်ယူမည်ဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်နည်းပြ အူလီဟိုးနက်စ်က ပြောကြားသည်။

မိမိတို့အသင်းပြောင်းရွှေ့ရေး ကိစ္စအားလုံး ဆွေးနွေးပြီးဖြစ်ကြောင်း ဘွမ်မဲလ်နှင့်လည်း သဘောတူညီမှုရရှိပြီးဖြစ်ကြောင်း၊ လာမည့် သီတင်းပတ်အတွင်း ဘေယန်မြူးနစ်သို့ ဘွမ်မဲလ်ရောက်ရှိလာမည်ဖြစ်ကြောင်း နည်းပြဟိုးနက်စ်က ပြောကြားသည်။

**အစားထိုး**

ဘွမ်မဲလ်အနေဖြင့် ဘိုင်ယန်မြူးနစ်တွင် ဆေးစစ်ရန်ရှိနေကြောင်း၊ ကျန်သည့် ပြဿနာတစ်စုံတစ်ရာမရှိကြောင်း ၎င်းက ပြောကြားသည်။

အသက် ၂၉နှစ်အရွယ်ရှိ ဘွမ်မဲလ်သည် ချယ်လ်ဆီးသို့ ပြောင်းရွှေ့သွားသော မိုက်ကယ်ဘောလက်၏ နေရာတွင် အစားထိုး ကစားစေမည် ဖြစ်ကြောင်း သိရသည်။

**အပြီးလုပ်ဆောင်ရမည်**

မိုက်ကယ်ဘောလက်သည် ချယ်လ်ဆီးသို့ အလွတ်ပြောင်းရွှေ့မှုဖြင့်ရောက်ရှိသွားခြင်းဖြစ်သည်။ ဘွမ်မဲလ်ပြောင်းရွှေ့ကြေးနှင့်ပတ်သက်၍ တစ်စုံတစ်ရာ သတင်းထုတ်ပြန်ခြင်းမရှိကြောင်းလည်း သိရသည်။ ဘွမ်မဲလ်အနေဖြင့် ကျန်းမာရေးဆေးစစ်မှုကို အမြန်ပြုလုပ်ရမည်ဖြစ်ပြီး ဩဂုတ်၃၁ရက် နောက်ဆုံးသတ်မှတ်ထားသည့် အပြောင်းအရွှေ့ကာလအတွင်း ဆောင်ရွက်ဖွယ်ကိစ္စရပ်များကို အပြီးလုပ်ဆောင်ရမည်ဖြစ်သည်။ **(အင်တာနက်)**

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

# စပါးအသင်းမှ ဒေါင်းနင်းအား မစ်ဒယ်ဘရော့ ခေါ်ယူရန်ကြိုးစား



စပါးအသင်းမှ ဒေါင်းနင်း

**လန်ဒန် ဩဂုတ် ၂၇**

မစ်ဒယ်ဘရော့အသင်းသည် တော့တင်ဟမ် ဟော့စပါးမှ ဒေါင်းနင်းအား ကမ်းလှမ်းမှုအသစ်တစ်ရပ်ဖြင့် ခေါ်ယူရေး ကြိုးစားနေကြောင်း သိရသည်။

မစ်ဒယ်ဘရော့တို့က ဒေါင်းနင်းကို ပေါင်ငွေ ၁၀သန်းပေးကာ စာချုပ်ချုပ်ဆို ခေါ်ယူနိုင်ရန် ကြိုးစားနေကြောင်း စပါးကလပ်မှ ပြောကြားသည်။ စပါးတို့ အမျိုးမျိုးပြောစကားများကြောင့် မိမိတို့စိတ်ပျက်ရကြောင်း မစ်ဒယ်ဘရော့ကလပ် ဥက္ကဋ္ဌ လင့်ဘ်က ပြောကြားသည်။

**သတ်မှတ်ချက်**

မိမိတို့ပေးသော ငွေကြေးပမာဏဖြင့် သဘောတူလျှင် အချိန်ကုန်မည် မဟုတ်ကြောင်း၊ စပါးတို့အနေဖြင့် ဒေါင်းနင်းအပေါ် သတ်မှတ်ချက် တိတိကျကျထားသင့်ကြောင်းလည်း ၎င်းက ပြောကြားသည်။

**ပယ်ချ**

စပါးကလပ်သည် အသက်၂၂နှစ်အရွယ် အင်္ဂလန်အသင်း လက်ရွေးစင် ဘောလုံးသမားလည်းဖြစ်သော ဒေါင်းနင်းကို နှစ်ရှည်စာချုပ်ဖြင့် ခေါ်ယူထားခြင်းဖြစ်ရာ ၂၀၀၅ ခုနှစ် နွေရာသီကတည်းကပင်မစ်ဒယ်ဘရော့တို့ ပေါင်ခြောက်သန်းပေးကာ ခေါ်ယူမှုကို ပယ်ချခဲ့သည်။

**ထပ်မံကမ်းလှမ်း**

ယခုအခါ မစ်ဒယ်ဘရော့တို့က ဒေါင်းနင်းအား ပေါင်ငွေ ၁၀ သန်းပေးမည်ဟု ပြောင်းရွှေ့ကြေးထပ်တိုးပေးကာ ထပ်မံကမ်းလှမ်းလိုက်ခြင်းဖြစ်သည်။ ဒေါင်းနင်းသည် မိမိတို့ကလပ်အတွက် အကောင်းဆုံး ဘောလုံးသမားဖြစ်ကြောင်း၊ မိမိတို့အား အထောက်အကူအများကြီးပေးကြောင်း စပါးကလပ်က ပြောကြားသည်။ **(အင်တာနက်)**

# မိုရီယန်တေးစ် ဂိုးအများဆုံးသွင်းရန် မျှော်မှန်း

**မက်ဒရစ် ဩဂုတ် ၂၇**

ရီးရဲမက်ဒရစ် ကစားသမားဟောင်းနှင့် လက်ရှိ ဗလင်စီယာ တိုက်စစ်မှူးဖြစ်သူ ဖာနန်ဒိုမိုရီယန်တေးစ်အနေဖြင့် ရီးရဲဘက်တစ်နှင့် ကစားသည့်ပွဲတွင် ယခုနှစ် လာလီဂါ၌ သူ၏ပထမဆုံး သွင်းဂိုးကို သွင်းယူနိုင်ခဲ့သည်။



မိုရီယန်တေးစ်၏ ကစားဟန်

**သွင်းယူခဲ့**

လီဗာပူးကလပ်မှ စပိန်သို့ တစ်ကျော့ပြန်ရောက်လာခဲ့သော မိုရီယန်တေးစ်သည် ရီးရဲဘက်တစ်နှင့် ကစားသည့်ပွဲတွင် ပွဲချိန် ၃၂မိနစ်၌ ဘက်တစ်ဂိုးဧရိယာ၏ ၁၅ကိုက်အကွာမှ သွင်းယူခဲ့ခြင်းဖြစ်သည်။

**ကြိုးစားသွားမည်**

မိုရီယန်တေးစ်သည် ဗလင်စီယာတွင် ယခုနှစ် ဂိုးအများဆုံးသွင်းနိုင်သူ အဖြစ်နှင့် လာလီဂါတွင် ဂိုးအများဆုံး သွင်းသူ ဖြစ်ရန် ကြိုးစားသွားမည်ဟု ပြောကြားသည်။ **(အင်တာနက်)**

## ပဲခူးတိုင်း မိခင်/ကလေးကြီးကြပ်ရေးအဖွဲ့ အရန်သားဖွားသင်တန်းဖွင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသခံအရန်သားဖွားဆရာမများ စနစ်တကျမွေးထုတ်ပေး

**ပဲခူး ဩဂုတ် ၂၇**

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး ဖွင့်လှစ်သော အရန်သားဖွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီက ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပသည်။

**မှာကြား**

အခမ်းအနားတွင် ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်က အမှာစကားပြောကြားရာတွင် အသင်းကြီး၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးမှ ရှေ့လုပ်ငန်းစဉ်ကြီး (၁၄) ရပ် ချမှတ်ပေးခဲ့ရာတွင် ဒေသခံအရန်သားဖွားဆရာမများ မွေးထုတ်ပေးရန်ဆိုသည့် လုပ်ငန်းရပ်တစ်ရပ် ပါဝင်ကြောင်း၊ ကျေးရွာရပ်ကွက်အောက်ခြေအဆင့်ထိ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသခံ အရန်သားဖွား ဆရာမများ စနစ်တကျ မွေးထုတ်ပေးနိုင်ရန် ဆွေးနွေးမှာကြားသည်။**(ယာပုံ)**

အဆိုပါ သင်တန်း ကာလမှာ စာတွေ့သုံးလနှင့်လက်တွေ့ သုံးလ စုစုပေါင်းခြောက်လဖြစ်ပြီး သက်ဆိုင်ရာ မြို့နယ်များအလိုက် မြို့နယ်ကျန်းမာရေးဦးစီးမှူးများက ကြီးမှူး၍ သင်ကြားပို့ချမည် ဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**



## စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်တရားသူကြီးနှင့်အဖွဲ့ ကျေးရွာများသို့ ကွင်းဆင်း၊ ဥပဒေဆိုင်ရာပညာပေးဟောပြော

ရေဦး ဩဂုတ် ၂၃

**စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် တရားသူကြီး ဒေါ်ညွှန့်ညွှန့်ဆွေနှင့်အဖွဲ့သည် ရေဦးမြို့နယ် တရားသူကြီး ဦးစိန်ဝင်း ခေါင်းဆောင်သော မြို့နယ်ဥပဒေပညာပေး ဟောပြောပွဲ အဖွဲ့ဝင်များနှင့်အတူ ကျေးရွာများသို့ ကွင်းဆင်း၍ ဥပဒေပညာပေး ဆွေးနွေးဟောပြောပွဲများကိုဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၉ရက်က အင်တောကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကျေးလက်ဖွံ့ဖြိုးရေးစခန်း၌ ကျင်းပသည်။**

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ရွှေဘိုခရိုင် တရားသူကြီး ဒေါ်ညွှန့်ညွှန့်ဆွေ၊ ဒုတိယခရိုင်တရားသူကြီးများဖြစ်ကြသော ဒေါ်လင်းလင်းနှင့် ဒေါ်မိုးမိုးအေးတို့က လူသတ်မှု မဖြစ်ပွားရေး၊ မူခင်း ကျဆင်းရေး အကြောင်းများ ပညာပေး ဆွေးနွေး ဟောပြောကြသည်။

**ဆွေးနွေး**

ဆက်လက်၍ မြို့နယ် တရားသူကြီး ဦးစိန်ဝင်းက လူသတ်မှု၊ မုဒိမ်းမှုမဖြစ်ပွားရေးအတွက် ဆောင်ရန်ရှောင်ရန်များကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးတိုးမြင့်က လူသတ်မှု၊ မုဒိမ်းမှုနှင့်ပတ်သက်သည့်ဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် ကျေးလက်နေပြည်သူများ သိသင့်သိထိုက်သော ဥပဒေများကိုလည်းကောင်း၊ ရဲအုပ်သစ်လွင်က ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးအကြောင်းကိုလည်းကောင်း ပညာပေးဆွေးနွေး ဟောပြောကြသည်။

**ဟောပြော**

ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးတင့်အောင်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် တရားဥပဒေစိုးမိုးရေး ဟောပြောကြသည်။

**(မြို့နယ် ပြန်/ဆက်)**

**တောင်ကုတ်မြို့ ရေပေးရေးလုပ်ငန်းအတွက် ဆောင်ရွက်လျက်ရှိသော ဝက်ကျိတ်ရေလှောင်တမံကို ဇူလိုင် ၂၂ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးဦးသန်းဝင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးဇော်နိုင်လင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စန်းစန်းအေးတို့က ရှင်းလင်းတင်ပြစဉ်။**
(မြို့နယ်စည်ပင်)



**ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းရေစီးရေလာကောင်းမွန်ရေးအတွက် ဗိုလ်ချုပ် လမ်းဘေးဝဲယာတစ်လျှောက် ရေမြောင်းဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဇူလိုင် ၂၈ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးဦးမြင့်ဇော် ကြီးကြပ်ဆောင်ရွက်စဉ်။**
(တိုင်းစည်ပင်)



**ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့ပေါ်ရပ်ကွက်ရေမြောင်းများ ရေစီးရေလာကောင်း မွန် ရေးအတွက် အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေမြောင်းများ နုန်းဆယ် တူးဖော်ခြင်း လုပ်ငန်းကို ဩဂုတ် ၁၉ရက်က လက်ထောက် ညွှန်ကြားရေးမှူး အမှုဆောင် အရာရှိ ဦးမြင့်မောင် ကြီးကြပ်ဆောင်ရွက်စဉ်။**



(ဝ၉၈)

**ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း သားငါး ရောင်းချနေသူများအား ယင်လုံဆန်ခါနှင့် တပ်ဆင်ရောင်းချစေရန်အတွက် ဇူလိုင် ၂၆ ရက်ကအမှုဆောင်အရာရှိ ဦးအောင်ကျော်ဆန်းနှင့်ဝန်ထမ်းများ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## မြစ်ကြီးနားမြို့ ပန်းမြို့တော်ဖြစ်စေရေး ရာသီအလိုက်ပန်းများ ရွှေ့ပြောင်းစိုက်ပျိုး

**မြစ်ကြီးနား ဩဂုတ် ၁၀**

မြစ်ကြီးနား မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပပြီး ပန်းမြို့တော်ဖြစ်စေရေး ဇူလိုင် ၂၉ရက်က လမ်းလက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင် ကြီးကြပ်၍ ဝန်ထမ်းများသည်အဖွဲ့ပိုင် စိမ်းမြရောပန်းခြံရှိ ပျိုးဥယျာဉ်မှ ရာသီပန်းများကို မိုးရာသီနှင့် ပွင့်လင်းရာသီများတွင် အဆက်မပြတ် ပွင့်ဖူးစေရန် ပြည်ထောင်စုလမ်းမကြီးနှင့် ဆွမ်ပရာဘွမ်လမ်းမကြီး ဝဲယာ၊ ပန်းပေါင်းများပေါ်တွင် ရာသီအလိုက် ပွင့်ဖူးသောပန်းများ ရွှေ့ပြောင်းစိုက်ပျိုးခြင်း၊ လမ်းလယ်ကျွန်းများပေါ်တွင် မြေခင်းအလှပြုပြင်ခြင်းနှင့် ပျိုးဥယျာဉ်အတွင်း ပျိုးအိတ်များ မြေထည့်ခြင်း၊ မျိုးစေ့ပျိုးခြင်း ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးလှမျိုးက ကြီးကြပ်ဆောင်ရွက်ပေးသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**





## ငှက်ဖျားရောဂါကာကွယ်ရေး ရှင်းလင်းဆွေးနွေး

**စလင်း ဩဂုတ် ၁၈**

မကွေးတိုင်း စလင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနက ငှက်ဖျားရောဂါကာကွယ်ကုသရေးလုပ်ငန်းများ အသိပေးရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ဩဂုတ် ၁၅ရက်က မြို့နယ် ပြည်သူ့ဆေးရုံ သင်တန်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသန်းနိုင်က အဖွင့်အမှာစကားပြောကြား၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်စန်းမြင့်က မြို့နယ်တွင်း ငှက်ဖျားရောဂါအခြေအနေကို ရှင်းလင်းတင်ပြပြီး မကွေးတိုင်း ရပကန (ငှက်ဖျား)အဖွဲ့ခေါင်းဆောင်ဒေါက်တာဌေးမြင့်အောင်က ငှက်ဖျားရောဂါကာကွယ်ကုသရေးလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ခုနှစ်**
**တော်သလင်းလဆန်း ၇ ရက်**
**၂၉–၈–၂၀၀၆ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၀း၀၀ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာရန် စံတေးသီချင်းများ
–အခြေခံပညာအဆင့်(၁၀–၁၅) (အမျိုးသမီး)
(ခေတ်ဟောင်း/ကာလပေါ်)
(၁) ဖိုးသာအောင်–မေသစ်
(၂) ငါးဖြာအနန္တ–တင်တင်မြ
–အခြေခံပညာအဆင့်(၅–၁၀) (အမျိုးသား)
(၃) မမေ့သောအညာ–သန်းထွန်းလေး

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ဇီဝဒီဇယ်၊ ဆီကြိတ်ထုတ်လုပ်ခြင်းနည်းပညာအကြောင်း)

၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မြန်မာ့အငြိမ့်သဘင်နှင့် နယ်ချဲ့ဆန့်ကျင်ရေး–ချိုမာ–မဟာဝိဇ္ဇာ)

၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (ယဉ်ကျေးတဲ့ပညာတတ်–သန်းငြိမ်းအေး)

၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (ညောင်ညိုပင်လမ်းခွဲမှ)

၁၂း၄၅ ကဏ္ဍစုံစွာ ဆွေးနွေးစရာ (ဉာဏ်ရည်နှင့် စရိုက်ဝါသနာ အခြေခံလျက် အသက်မွေးဝမ်းကျောင်း ရွေးချယ်မှု အကြောင်း)

၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ဆဋ္ဌမတန်း–ဘဝတွက်တာကျွမ်းကျင်စရာ–စိတ်လှုပ်ရှားမှု ဖွံ့ဖြိုးခြင်း)

**ညနေပိုင်း**

၁၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်ကြီး (၁၁)သုတ်

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ခရီးသွားခြင်းနှင့် ကျန်းမာရေး–ဒေါက်ထွေး–ဆေး/မန်း)

၁၇း၅၀ သောတရှင်အတွက် ပြန်ကြားချက်

၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ချစ်သူပန်ဖို့)

၁၉း၁၅ မြန်မာမှု မြန်မာ့သဘင် (ကွက်စိပ်) (တွံတေးဒဂုံဆရာညွှန့်ရဲ့ ဓမ္မစကြာဟောတော်မူခန်း)

၂၀း၃၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ အစီအစဉ် (စိတ်ကောင်းစေတနာကောင်းထားက ကောင်းကျိုးခံစားရ)

၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) လက်ကွယ်ညသန်းခေါင်ယံ
(၂) အိပ်မက်ပေးလို့ ချစ်ရေးဆိုသလား
(၃) ချစ်သူညဥ့်နက် အိမ်ပြန်ခက်–အဖိတ်နေ့ နှိုးဆော်ချက်

**အင်ပူမြို့နယ် ကွင်းကောက်ဒေသတွင် ဇူလိုင်၂၄ရက်က ကွင်းကောက် တောင်နှင့်မြောက် ဆက်သွယ်သည့် ရွှေယွန်းမို တံတား (အရှည်၂၈၅ပေ) တံတားပျက်စီးမှု မရှိစေရေးအတွက် ဒိုက်၊အမှိုက်များရှင်းလင်းခြင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် မြို့နယ်အမှုဆောင်အရာရှိဦးမောင်မောင်ဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**
(မြို့နယ်စည်ပင်)



# တောင်ကြီးခရိုင် ပြန်/ ဆက်ဦးစီးဌာနမွမ်းမံသင်တန်းဖွင့် ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များဆွေးနွေး

**တောင်ကြီး ဩဂုတ် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးဆောင်မှုဖြင့် တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး ဖွင့်လှစ်သော တောင်ကြီးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၀၆) ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်၂၁ရက် နံနက် ၉နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးထွန်းအောင်က အမှာစကားပြောကြားပြီး ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီက သင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ဆွေးနွေး**

သင်တန်းသို့ ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများမှ ဝန်ထမ်းများ တက်ရောက်ကြပြီး ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီနှင့် ခရိုင်ဦးစီးအရာရှိ ဦးချိမောင်တို့က ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက် တာဝန်နှင့် ဝန်ကြီး၏ ညွှန်ကြားချက်များ၊ ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များကို ဆွေးနွေး ပြောကြားကြသည်။

သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



**မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ ကျိုက်သုတ်စေတီတော် ဘက်စုံပြုပြင်တည်ဆောက်ရန်အတွက် ဩဂုတ်၁၇ရက်က အလှူရှင် မော်လမြိုင်မြို့နေ ဦးစိုး-ဒေါ်ရီမိသားစုက ငွေကျပ် တစ်သိန်းငါးသောင်း ပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ဝင် ဦးနိုင်ဘညွန့်က လက်ခံယူစဉ်။** (၁၆၈)

# ချောင်းဆုံမြို့နယ် ပြန်/ဆက် ဦးစီးဌာန စာကြည့်တိုက်များဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

**ချောင်းဆုံ ဩဂုတ် ၁၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဘီငါးလုံးနှင့် ပြည့်စုံရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဩဂုတ်၂ရက်မှ ၁၁ရက်အထိချောင်းဆုံအရှေ့၊ အနောက်တိုးချဲ့ရပ်ကွက် သုံးခုနှင့် မရမ်း၊ ကုလားဘီ၊ ဝယ်လမ်း၊ ကော့ကဒိုက်၊ အဘစ်ကွမ်လှာ၊ ကုလားတို့၊ တကူပတီ၊ ဖံဖ၊ ခရိုက်သစ်၊ နတ်မှော်၊ သင်္ကော၊ ဘိုးနက်၊ မုရစ်ကြီးကျေးရွာရှိ စာကြည့်တိုက်များသို့ သွားရောက်၍ စာကြည့်တိုက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ကြသည်။

**ဆွေးနွေး**

ရေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်နှင့် ဝန်ထမ်းများက ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံပြီး စာကြည့်တိုက် ဘီငါးလုံးနှင့်ပြည့်စုံရေး၊ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ ဆွေးနွေးသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ဆက်လက်၍ ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်ကော်မတီဝင်များက မိမိကျေးရွာရှိ စာကြည့်တိုက်အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်နည်းလမ်းများကို ပြန်လည်ဆွေးနွေးကြပြီး မြို့နယ်ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်က စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်ထားရှိမှုများ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ချောင်းဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဖလား အမြင့်တိုက်နယ်အုပ်စုဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ချောင်းဦး ဩဂုတ် ၂၀**

ချောင်းဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဖလား၊ အမြင့်တိုက်နယ်အုပ်စုဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်၁၇ရက် မွန်းလွဲ ၂နာရီက အမြင့်တိုက်နယ် အားကစားကွင်း၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးစောလှထွန်း၊ မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကံညွန့်၊ အလုပ်အမှုဆောင် ဦးဇော်ဝင်း၊ ချောင်းဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညွန့်မောင်၊ ချောင်းဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဒေါက်တာလှစိန်နှင့် အလုပ်အမှုဆောင်များ၊ အမြင့်တိုက်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ အသင်းဝင်များ၊ ပြိုင်ပွဲဝင် ဘောလုံးအသင်း ၁၃သင်းမှ အားကစားသမားများ၊ အားကစား ဝါသနာရှင် ပြည်သူများ တက်ရောက်ကြသည်။ အစီအစဉ်အရ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးစောလှထွန်း(**ဝဲပုံ**)နှင့် မုံရွာခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကံညွန့်တို့က အမှာစကားများ ပြောကြားကြသည်။

**လိုက်လံနှုတ်ဆက်**

ဆက်လက်၍ တိုင်းအလုပ်အမှုဆောင် ဦးစောလှထွန်း၊ ခရိုင်အတွင်းရေးမှူး ဦးကံညွန့်နှင့် မြို့နယ်အတွင်းရေးမှူး ဒေါက်တာလှစိန်တို့က ပြိုင်ပွဲဝင်အသင်း ၁၃သင်းမှ အားကစားသမားများအား လိုက်လံနှုတ်ဆက်အားပေးကြသည်။

**ကျင်းပသွားမည်**

ချောင်းဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဖလား အမြင့်တိုက်နယ်အုပ်စု ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၃သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဩဂုတ်၁၇ရက်မှ စက်တင်ဘာ ၁ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။
**(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**





**ကန့်ဘလူမြို့ မြို့မဈေးသစ်တည်ဆောက်ရေးလုပ်ငန်းများကို စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ကြည့်ရှု စစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် ဈေးသစ်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကြူးတို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# စည်ပင်သာယာရေးအဖွဲ့သတ်မှတ်ထားသည့် စည်းကမ်းများလိုက်နာ သား၊ငါးပုစွန်များ အလေးချိန်ခွင် တိကျမှန်ကန်စွာရောင်းချ

**ဖျာပုံ ဩဂုတ် ၂၂**

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးကြီးတွင်၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် လေလံရရှိထားသည့် ဝက်သား၊ အမဲသားဆိုင်များနှင့် ငါး၊ ပုစွန်ရောင်းချသည့်ဈေးသည်များရောင်းချရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၂၁ရက် နံနက်က မြို့နယ်စည်ပင်သာယာရေးရုံးခန်းတွင် ကျင်းပရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင်၊ ဦးစီးအရာရှိ ဦးသီဟထွန်း၊ ဒုတိယဦးစီးမှူး (ဈေး)ဒေါ်တင်မြိုင်နှင့် သား၊ငါး၊ ပုစွန်ရောင်းချသည့် ဈေးသည်များ တက်ရောက်ကြသည်။

**စည်းကမ်းချက်**

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင်က အဖွဲ့မှ သတ်မှတ်ထားသည့် စည်းကမ်းများလိုက်နာရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကိုအထောက်အကူဖြစ်စေရန်အတွက်ဝက်သား၊ အမဲသားများ လေလံစည်းကမ်းချက်များအတိုင်း ရောင်းချရေး၊ သား၊ငါးပုစွန်များ အလေးချိန်ခွင် တိကျ မှန်ကန်စွာ ရောင်းချရေးရှင်းလင်းမှာကြားကြောင်း သိရသည်။ **(ယာပုံ) (၁၅၈)**



**မြို့နယ် သတင်းများ**

**ဇော်ဂျီချောင်းပန်းခြံ**

**ဩဂုတ်၁၀ရက်က ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများအဖွဲ့ပိုင် ဇော်ဂျီချောင်းပန်းခြံမြေခင်းအလှသာယာလှပရေး ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးစိုးနိုင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ဝမ်းမောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**
(နယ်စပ်/စည်ပင်)

# လှိုင်သာယာနှင့် ကြည့်မြင်တိုင်ရှိ ဘုန်းတော်ကြီးစာသင်တိုက်နှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများလှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၇**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၄ တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၇) ရပ်ကွက် ဖိုးရာဇာလမ်းနှင့် စိန်ရတနာလမ်းထောင့်ရှိ မဟာအောင်မြေ ရိပ်သာကျောင်းတိုက်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၄ တိုက်မှ ပဓာနနာယက ဆရာတော်များနှင့် ပင့်သံဃာတော်များ၊ သီလရှင်စာသင်တိုက် တစ်တိုက်မှ သီလရှင်ဆရာကြီးများ ကြွရောက်ကြပြီး ***စာမျက်နှာ ၈ ကော်လံ ၁*** ■



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်မြင်တိုင်မြို့နယ် ဘုန်းတော်ကြီးစာသင်တိုက် လေးတိုက်သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ် လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## ဩဂုတ် ၂၇ ရက်၌ မိုးရွာသွန်းလေသမျှ

| | | | | |
|---|---|---|---|---|
| တောင်ငူ | ၆ | ဒသမ | ၇၇ | လက်မ |
| မော်လမြိုင် | ၆ | ဒသမ | ၃၀ | လက်မ |
| ထားဝယ် | ၄ | ဒသမ | ၇၃ | လက်မ |
| ဘားအံ | ၄ | ဒသမ | ၀၉ | လက်မ |
| ရေးမြို့ | ၃ | ဒသမ | ၈၂ | လက်မ |
| ရွှေကျင် | ၃ | ဒသမ | ၁၅ | လက်မ |
| သထုံ | ၂ | ဒသမ | ၈၀ | လက်မ |
| ပျဉ်းမနား | ၁ | ဒသမ | ၀၂ | လက်မ |
| ကျောက်ဆည် | ၀ | ဒသမ | ၆၃ | လက်မ |

# ပျဉ်းမနားမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက် သုံးတိုက်နှင့် ဘိုးဘွားရိပ်သာတို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်း



**နေပြည်တော် ဩဂုတ် ၂၇**

ပျဉ်းမနားမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်သုံးတိုက်နှင့် ဘိုးဘွားရိပ်သာတို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်ရှိ မဟာဓမ္မိကာရာမ ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ ပျဉ်းမနားမြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။ ***စာမျက်နှာ ၃ ကော်လံ ၁*** ●

## လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ပျဉ်းမနားမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက် သုံးတိုက်နှင့် ဘိုးဘွားရိပ်သာတို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

**မြန်မာ့အလင်း**

**ကမ္ဘာတစ်လွှား အားကစား အညွှန်း**

အင်္ဂလန် နောက်တန်း ကစားသမား ဖာဒီနန် ယူရို ၂၀၀၀ ခြေစစ်ပွဲ အဖွင့်ပွဲနှင့် လွဲဖွယ်ရှိနေ

ကမ္ဘာတစ်လွှား အားကစား (စ-၁၃)



ပိုက်လော့ပင် တင်းနစ်ဗိုလ်လုပွဲ ဒေဗင်ပို့စ်နှင့် ဂျူစတင်ဟာဒင်း တွေ့ကြပြီ

